# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ စနေနေ့။ Saturday, 20 May 2023 ၁၁၁၀၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံသံတမန် ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. CHUM Angvichet သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻





ကြေးမုံ

# ပညာတတ်အရင်းအမြစ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်ပါ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး" ဟူသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)ကို နေပြည်တော်၌ ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပလျက်ရှိသည်။

ညီလာခံကြီးတွင် ပညာရေးနှင့်ဆက်စပ်သည့် ဝန်ကြီးဌာန ၁၁ ခုတို့ပူးပေါင်းပြီး ပညာရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးတွင် အဟန့်အတားဖြစ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းသတ်မှတ်နိုင်မည်ဖြစ်သည်။ ညီလာခံဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့သည်။

"ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာမတတ်သည့် နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ် မတိုးတက်နိုင်ဟု လက်ခံထားကြပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်များသည် အဓိကဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ရပါကြောင်း၊ နိုင်ငံတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါများကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း"။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အခက်အခဲ၊ အနှောင့်အယှက်၊ ဖျက်ဆီးမှုများကြားမှ နိုင်ငံ၏ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာသည်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အရင်းအမြစ်ဖြစ်၍ နိမ့်ကျနေသော မြန်မာနိုင်ငံ၏ပညာရေးကို ပြန်လည်မြင့်မားလာအောင် တစိုက်မတ်မတ် အားပေးဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် ပညာတတ်များပေါများကြွယ်ဝပြီး နိုင်ငံကို အလုပ်အကျွေးပြုနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံသည် သယံဇာတမရှိသည့် အလွန်သေးငယ်သောနိုင်ငံဖြစ်သော်လည်း နိုင်ငံ၏အခြေခံအုတ်မြစ်ကို ပညာဖြင့် ခိုင်မာစွာတည်ဆောက်ထားသဖြင့် ချမ်းသာကြွယ်ဝသည့်နိုင်ငံဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးကို အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ်ထားရှိသည်။ ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်။ နားလည်သဘောပေါက်ကြသောကြောင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်ကို နှစ်စဉ်တိုးမြှင့်ခွဲဝေပေးလျက်ရှိရာ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့်ဆက်စပ်သည့်ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ်စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံ ခွင့်ပြုပေးထားသည်။ ပညာရေးကဏ္ဍတွင် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဂျီဒီပီ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်၏အနာဂတ် တိုးတက်ကောင်းမွန်လာစေရေးအတွက် မွန်မြတ်သောစေတနာဖြင့် ပညာရေးကဏ္ဍ အဘက်ဘက်မှ ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျောင်းသား ကျောင်းသူ၊ မိဘ၊ ဆရာနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူအားလုံးတို့က တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးသည် နိုင်ငံ၏အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်၍ မျိုးဆက်အဆက်ဆက်တို့ တိုးတက်လာစေရန်အတွက် ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပညာတတ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။


## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) နေ့သင်တန်းများအားလုံး ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်(ဒုတိယနှစ်ဝက်)သင်တန်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစတင်၍ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၃၆၅ | ၂,၉၉၃,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၂၃၈ | ၆၉၉,၆၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၁,၀၄၂ | ၇,၂၉၄,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၃,၅၁၅ | ၅,၀၉၆,၇၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၄၂ | ၁၀၇,၁၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၀၂ | ၉၄၉,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၆၈.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၉.၈၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၀၈၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၂.၇၁ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၇ |
| ( ဆ ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၉၈.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၁.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၃၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

* ရှေ့ဖုံးမှ

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးဖော်ဆောင်နေမှုအပေါ် ကမ္ဘောဒီးယားနိုင်ငံမှ ယုံကြည်မှုရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံသံတမန် ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားချိန်၌ ကမ္ဘောဒီးယားနိုင်ငံမှ အကူအညီများ ပေးခဲ့မှုနှင့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ထပ်မံပေးအပ်သွားမည့် အခြေအနေ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းတိုက်ရိုက်ပျံသန်းပြေးဆွဲမှု တိုးချဲ့ရေးကိစ္စရပ်များ၊ သာသနာရေး၊ ပညာရေးနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟာန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။


# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေပညာဂျာနယ် အတွဲ(၁၄)၊ အမှတ်(၂) စာအုပ် ထုတ်ဝေ

**နေပြည်တော် မေ ၁၉**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နှစ်အလိုက်ဥပဒေများ၊ နည်းဥပဒေများ၊ Myanmar Law စာအုပ်၊ ဥပဒေပညာဂျာနယ်နှင့် အခြားဥပဒေစာအုပ်အမျိုးမျိုးကို ပြုစုထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဥပဒေပညာဂျာနယ်ကို တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေခဲ့ရာ ဥပဒေပညာဂျာနယ် အတွဲ(၁၄)၊ အမှတ်(၂)သည် ၂၈ အုပ်မြောက်ဖြစ်ပြီး အဆိုပါ ဥပဒေပညာဂျာနယ် အတွဲ(၁၄)၊ အမှတ်(၂)တွင် ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အပြည်ပြည်ဆိုင်ရာတရားရုံး ICJ တွင် ဖြေရှင်းဆောင်ရွက်လျက်ရှိသော အမှုကိစ္စနှင့်စပ်လျဉ်း၍ ကနဦးကန့်ကွက်လွှာဆိုင်ရာကြားနာပွဲ၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချက်များ အပိုင်း(၁)အပါအဝင် ဥပဒေနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ဥပဒေအရာရှိများ၏ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသည့် ဆောင်းပါး ၁၁ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဥပဒေပညာဂျာနယ်အတွဲ(၁၄)၊ အမှတ်(၂)သည် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် လုပ်ငန်းဆိုင်ရာအထောက်အပံ့တစ်ရပ်ဖြစ်စေပြီး ဥပဒေပညာစာအုပ်ကို လွယ်ကူစွာဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ထုတ်ဝေထားသည့် 




စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ ကျင်းပ

**ညောင်လေးပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀ နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ညောင်လေးပင်မြို့နယ်ဘဏ်ခွဲ၌ ကျင်းပခဲ့သည်။

၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူဦးရေ ၉၀၀၀ ကျော်အား မေ ၁၈ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဧက ၈၀၀၀၀(၁၂ ဘီလီယံခန့်) ထုတ်ချေးပေးသွားမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ(နေပြည်တော်)- တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၁၉**

တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ မေ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်သည်။

**ပါဝင်ပြသမည်**

ပြပွဲတွင် တရုတ်နိုင်ငံမှ ကော်ဖီနှင့် လက်ဖက်ခြောက်၊ မက္ကဒေးမီးယား၊ အသင့်စား စားသောက်ကုန်များ၊ ဆိုလာစွမ်းအင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့်အခြားလူ့အသုံးအဆောင်ပစ္စည်းများအပါအဝင် မြန်မာနိုင်ငံမှ မြန်မာ့ကျောက်မျက်ရတနာပစ္စည်းများ၊ ဒေသထွက်ကုန်များနှင့် MSME ထုတ်ကုန်များ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# "ယနေ့ လူငယ် နောင်ဝယ်လူကြီး" ဟူသည့်အတိုင်း ယခုလို ငယ်စဉ်ဘဝတွင်ရရှိခဲ့သည့် အချင်းချင်းချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် **"ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး"**ဟူသည့် အချက်ကို လူမှုရေးဦးတည်ချက်တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ လူငယ်လူရွယ်များ၏ စာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထွန်းကားရေး၊ အသင်းအဖွဲ့စိတ်ဓာတ်များဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိစေရေး အစရှိသည့် ကဏ္ဍအသီးသီးတိုးတက်အောင်မြင်မှုရရှိအောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေခြင်းသည် တိုင်းပြည်၏ လူသားအရင်းအမြစ်များ ရှင်သန်ခိုင်မာအောင်ပင်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့၏ အနာဂတ် နိုင်ငံတော်ကြီးသည် လူသားအရင်းအမြစ်ကောင်းများ၏ ကြိုးစားအားထုတ်မှုနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိမှာပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၃)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်း လူငယ် မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

## ရေကြောင်းပညာနှင့် လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့ မဖြစ်စေဘဲ အနာဂတ်ကာလတွင် မိမိ၏ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရေကြောင်းနှင့် လေကြောင်း ပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကိုတက်ရောက်ခဲ့ကြသည့် မောင်မယ်များကို တွေ့ဆုံဂုဏ်ပြု အမှာစကား ပြောကြားရသည့်အတွက် ဝမ်းသာပီတိဖြစ်ကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်း ပညာနှင့် လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ယခုလို သင်တန်းများကို တပ်မတော်အနေဖြင့် ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြည့်အင်အားဟူသည်ပြည်တွင်း၌သာရှိသောကြောင့် မောင်တို့မယ်တို့သည်လည်း အနာဂတ်နိုင်ငံတော်အတွက် အင်အားသစ်များကို ဖြည့်ဆည်းပေးကြမည့် တိုင်းပြည်၏ ဖန်တီးရှင်များပင်ဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်း ဖျတ်လတ်မှုများနှင့် ပြည့်စုံနေသည့် လူငယ်ဘဝတွင် မိမိတို့ ဝါသနာပါကြသည့် ပညာရပ်အသီးသီးကို လေ့လာပြီး နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိရှိအသုံးချခဲ့သည့်အတွက် မိဘဆွေမျိုးများအနေဖြင့်လည်း ဝမ်းသာဂုဏ်ယူနေကြမည်ဆိုသည်ကို ယုံကြည်မိပါကြောင်း၊ သင်တန်းကာလအတွင်း သင်ခန်းစာဘာသာရပ်များမှ ဗဟုသုတအတွေ့အကြုံများကို ရရှိစေခဲ့သကဲ့သို့ လူငယ်အချင်းချင်း မိတ်ဆွေအပေါင်းအသင်းဖြစ်ခွင့်များကိုပါ ရရှိစေခဲ့ပြီး ချစ်ခင်ရင်းနှီးမှုများ တိုးပွားစေခဲ့မည်ဖြစ်ကြောင်း၊ **"ယနေ့ လူငယ် နောင်ဝယ်လူကြီး" ဟူသည့်အတိုင်း ယခုလို ငယ်စဉ်ဘဝတွင် ရရှိခဲ့သည့် အချင်းချင်းချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း။

## ရက်သတ္တ လေးပတ်တာ ဖွင့်လှစ်

ရေကြောင်းနှင့် လေကြောင်း လူငယ်သင်တန်း အသီးသီးကို ရက်သတ္တ လေးပတ်တာ ဖွင့်လှစ်ခဲ့ပြီး သိသင့်သိထိုက်သည့် ရေကြောင်းနှင့် လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ အမိန့်နာခံတတ်မှုနှင့် စည်းကမ်းစနစ်တကျရှိမှုများကို ဖော်ပြနေသည့် စစ်ရေးပြဘာသာရပ်သည် မဖြစ်မနေ သင်ယူသင့်သည့် အခြေခံစစ်ပညာဘာသာရပ်တစ်ခုပင်ဖြစ်ကြောင်း။

ရေကြောင်း ပညာရပ်တွင် အခြေခံရေတပ်သား ဘာသာရပ်များ၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ အခြေခံရေကူးနှင့် လှေလှော်၊ ရွက်တိုက်ဘာသာရပ်များကိုလည်း မောင်တို့မယ်တို့အနေဖြင့် လေ့လာသင်ကြားခဲ့ကြပြီးဖြစ်ကြောင်း။

လေကြောင်း ပညာရပ်တွင် လေကြောင်းပညာ သမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားများ၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရားများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှုအခြေခံများ၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်း စသည့် ဘာသာရပ်များကို လေ့လာ သင်ကြားခဲ့ကြပြီးဖြစ်ကြောင်း။

ပညာရပ်အသီးသီးတွင် မြေပြင်မှာကြုံတွေ့ရသည့် အခြားသောပညာရပ်နှင့် မတူညီဘဲ ကျယ်ပြန့်နက်ရှိုင်းမှုများ ရှိနေကြခြင်းကို မောင်တို့မယ်တို့ တွေ့ရှိခဲ့ကြရပြီးဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့ »»**

»»» စာမျက်နှာ ၄ မှ
ခက်ခဲနက်နဲမှုများရှိလေလေ ရရှိသည့်အောင်မြင်မှု အသီးအပွင့်များသည်လည်း တန်ဖိုးရှိလေလေ ဖြစ်ခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် သင်တန်းကနေရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို ဆက်လက်အသုံးချနိုင်ရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုလို သင်တန်းတက်ရောက်ခွင့်ရသည့်အတွက်ကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆောင်ရွက်မှုများကိုပါ မောင်တို့မယ်တို့ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ရေပြင်/ဝေဟင်တန်ဖိုးကို သိနားလည်၍ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်သည့် နိုင်ငံများသည် ရေကြောင်းနှင့် လေကြောင်းပညာရပ်များကို စဉ်ဆက်မပြတ်ခေတ်နှင့်အညီ လေ့လာဖော်ထုတ်သုတေသနပြုပြီး ကာကွယ်ရေးစွမ်းအားအတွက် သာမက အမျိုးသား အကျိုးစီးပွားအတွက်ပါ မြှင့်တင်နိုင်အောင် ယှဉ်ပြိုင်ကြိုးစားလျက်ရှိကြောင်း၊ ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိနေခြင်းကြောင့် မောင်တို့မယ်တို့ သင်ယူခဲ့ရသည့် ပညာရပ်အသီးသီး၏ တန်ဖိုးကို သိရှိနားလည် တန်ဖိုးထားကြရန် လိုအပ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ကျင့်ကြံကြိုးစား ပညာပြည့်ဝ နှလုံးလှသည့်

**လူငယ်များ၏ အားကသာ နိုင်ငံတော်ကို စစ်မှန်သည့်အကျိုး ဖြစ်ထွန်းစေခြင်းကြောင့် မောင်တို့မယ်တို့သည် ပညာပြည့်ဝနှလုံးလှသည့် လူငယ်များဖြစ်အောင် ကျင့်ကြံကြိုးစားကြရမည်ဖြစ်**ကြောင်း၊ ပညာပြည့်ဝနှလုံးရည်လှသူတိုင်းသည် အရာရာကို အကောင်းအဆိုး ခွဲခြားနိုင်စွမ်းရှိခြင်းကြောင့် ပညာ၏အရေးပါမှုကို သိနားလည်ပြီး မိမိတို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ဂရုပြုနိုင်စွမ်းရှိကြကြောင်း၊ မိမိတို့ တစ်ဦးချင်း၏ ဘဝလမ်းကြောင်း၊ မိမိ မိသားစု၏အနာဂတ်လမ်းကြောင်းကို တည့်မတ်ဖြောင့်မတ်အောင် ထိန်းကျောင်းနိုင်မှသာလျှင် မိမိနိုင်ငံတော်ကိုလည်း မယိမ်းမယိုင်အောင် ကာကွယ်စောင့်ထိန်းနိုင်သူများ ဖြစ်လာကြမှာဖြစ်ကြောင်း၊ စာအုပ်စာပေများသည် လူသားတို့၏ မိတ်ဆွေများပင် ဖြစ်ကြောင်း၊ စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့ အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန် လိုအပ်ကြောင်း၊ ငယ်စဉ်ဘဝကတည်းက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမှာဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ယခုတက်ရောက်ခဲ့သည့် သင်တန်းများက ရရှိခဲ့သည့် အချိန်ကိုလေးစားပြီး အကျိုးရှိရှိ အသုံးချခဲ့သည့် အတွေ့အကြုံ၊ စည်းကမ်းတကျ လုပ်ဆောင်တတ်သည့် အတွေ့အကြုံ၊ အချင်းချင်း ဆွေးနွေးတိုင်ပင်၊ လက်တွဲလုပ်ကိုင်တတ်သည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး နောင်အနာဂတ်ခရီး လျှောက်လှမ်းသွားမည်ဆိုလျှင် လူ့တန်ဖိုးသည် အများကြီးရှိလာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရေခံမြေခံကောင်းများရှိပြီး**

နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတပစ္စည်းများ မည်မျှပင် ပေါကြွယ်ဝစေကာမူ ထိထိရောက်ရောက် ပုံဖော်အသုံးချနိုင်စွမ်းမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း နှေးကွေးတတ်ကြကြောင်း၊ မိမိတို့နိုင်ငံသည် ရာသီဥတုသာယာမျှတမှု၊ ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိနေမှု၊ ရာသီဥတု သုံးမျိုးစလုံးနှင့် ကိုက်ညီစွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် ရေခံမြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ယခုလို အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန် လူသားအရင်းအမြစ်များ ရှိမှသာ တိုင်းပြည်၏ စီးပွားသည်လည်း ယခုထက်မက အဆပေါင်းများစွာ တိုးပွားလာမှာပင်ဖြစ်ကြောင်း။

ပထမအရွယ်မှာ ရှိနေကြသည့် မောင်တို့မယ်တို့အနေဖြင့် ပညာကို ကောင်းစွာသင်ကြားကြရမည့် အချိန်အခါတွင် မိမိစိတ်ကို ပျက်စီးလေလွင့်စေမည့် တခြားအရာများနှင့် မပတ်သက်မိအောင် သတိပြုနေထိုင်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိ၏ ကျန်းမာရေးကို လျစ်လျူရှုနေထိုင်တာမျိုးများ မဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ **"အာရောဂျံ ပရမံ လာဘံ"** ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ခြင်းကြောင့် အကျိုးမရှိသည့် ကွမ်း၊ ဆေး၊ အရက်စသည့်မူးယစ်ဆေးဝါး အခြေခံ အမူအကျင့်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း၊ လူငယ်များ၏ စာရိတ္တမဏ္ဍိုင် ပျက်စီးယိုယွင်းမှု ဇာစ်မြစ်ကို ဖော်ထုတ်လိုက်ရင် မူးယစ်ဆေးဝါးသည် အဓိကတရားခံဖြစ်ခြင်းကို တွေ့ရှိရမှာပင် ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိမိအလိုရှိရာကို စိတ်သွားတိုင်းကိုယ်ပါ စီမံဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးလိုက်စားပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်မာအောင် ကိုယ်လက်လှုပ်ရှား အားကစားများကို ပြုလုပ်ကြရန်လိုအပ်မည်ပင်ဖြစ်ကြောင်း၊ ကြံ့ခိုင်သန်စွမ်းပြီး ထက်မြက်သည့် ကာယအား၊ ဉာဏအားများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်နိုင်ရေး **စာမျက်နှာ ၆ သို့ »»»**

☆ **နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတပစ္စည်းများ မည်မျှပင် ပေါကြွယ်ဝစေကာမူ ထိထိရောက်ရောက် ပုံဖော်အသုံးချနိုင်စွမ်းမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း နှေးကွေးတတ်**

☆ **မိမိတို့နိုင်ငံသည် ရာသီဥတုသာယာမျှတမှု၊ ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိနေမှု၊ ရာသီဥတု သုံးမျိုးစလုံးနှင့် ကိုက်ညီစွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် ရေခံမြေခံကောင်းများ ရှိပြီးဖြစ်**

☆ **ယခုလို အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ရန် လူသားအရင်းအမြစ်များရှိမှသာ တိုင်းပြည်၏ စီးပွားသည်လည်း ယခုထက်မက အဆပေါင်းများစွာ တိုးပွားလာမှာပင်ဖြစ်**

»»» **စာမျက်နှာ ၅ မှ**

ကြိုးစားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် **အမိနိုင်ငံတော်ကြီးထဲတွင် မွေးဖွားသူများဖြစ်သည်နှင့် အညီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားကြရန်လို**အပ်ကြောင်း၊ နိုင်ငံ၏မြန်မာ့သမိုင်းနှင့် တပ်မတော်၏ သမိုင်းသည် ဒွန်တွဲလျက်ရှိနေခြင်းကို သိရှိနားလည်ပြီး နိုင်ငံ၏ အကျိုးစီးပွားကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အဆိုးမြင် အယူအဆများကို မောင်တို့မယ်တို့ အနေဖြင့် တွန်းလှန် ဖယ်ရှားနိုင်ကြရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ သို့မှလည်း မီဒီယာအပါအဝင် အဘက်ဘက်က ထိုးနှက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ကအားထားရသည့် မျိုးဆက်သစ်မောင်မယ်များ ဖြစ်လာကြမည်ပင်ဖြစ်ကြောင်း။

**ပြည်ထောင်စု**
**စိတ်ဓာတ် တည်ဆောက်**

သင်တန်း တက်ရောက်ရာမှ တစ်ဆင့် ရရှိခဲ့သည့် လူငယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်သွားကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေချိန်တွင် သင်ယူခဲ့သည့် ပညာရပ်ဆိုင်ရာအခြေခံသဘောတရားများမှ အကျယ်ချဲ့စဉ်းစားပြီး ထပ်မံစူးစမ်းလေ့လာမှုများ ပြုလုပ်သွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာ နေထိုင်သွားကြရန်၊ **"ပညာရွှေအိုး လူမခိုး"**ဟူသည့် အတိုင်း ပညာခေတ်တွင် ပညာရှာရင်း မိမိတို့၏ ကျန်းမာရေးအတွက်လည်း ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ မိမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရှိသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ် မောင်မယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

၎င်းနောက် ရေကြောင်းလူငယ်သင်တန်းမှ မကေဇင်သွယ်နှင့် လေကြောင်း လူငယ်သင်တန်းမှ မနန်းမိုခမ်းတို့က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃) တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်း ဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် **ယခုကဲ့သို့ အားလပ်သည့် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ ကုန်ဆုံးစေပြီး ဒေသန္တရဗဟုသုတများစွာ ရရှိနိုင်စေရေးအတွက် ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ တွေ့ဆုံ၍ သင်တန်းတက်ရောက်ခွင့်ရခဲ့သည့် အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား လူငယ်မောင်မယ်များ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊** ယခုသင်တန်းများသည် မိမိတို့ လူငယ် မောင်မယ်များအတွက် တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိသည့် သင်တန်းများပင် ဖြစ်ပါကြောင်း၊ မိမိတို့ အနာဂတ် လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က အားထားရသည့် ရေကြောင်းဆိုင်ရာပညာရှင်များ၊ လေကြောင်းဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတော် အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရေကြောင်းလူငယ်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ လေကြောင်းလူငယ်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**တည်ခင်းဧည့်ခံ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံ လေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူ နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ရေကြောင်းနှင့် လေကြောင်း လူငယ် မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်း အနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေး စက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင် ပစ္စည်းများ၊ တပ်မတော်(လေ) တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင် ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ရေကြောင်းလူငယ်သင်တန်းမှ မကေဇင်သွယ် ကျေးဇူးတင်စကားပြောကြားစဉ်။



လေကြောင်းလူငယ်သင်တန်းမှ မနန်းမိုခမ်း ကျေးဇူးတင်စကားပြောကြားစဉ်။





ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ နေပြည်တော် ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်နယ်မြေခံတပ်ရင်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

☆ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်ခဲ့ရသည့် ကျောက်တော်မြို့နှင့် ရသေ့တောင်မြို့များသို့ သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ထို့နောက် အဆိုပါမြို့များရှိ မုန်တိုင်းသင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာများအား သက်ဆိုင်ရာခန်းမများတွင် သီးခြားစီတွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှုအရ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကိုယ်တိုင်မျက်မြင်တွေ့ရှိနိုင်ရန် ယခုကဲ့သို့ လာရောက်ခြင်း ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိမြို့၊ ရပ်ကွက်၊ ကျေးရွာများအား မိမိအသိစိတ်ဓာတ်ဖြင့် ကိုယ်ထူကိုယ်ထ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ လာရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မြို့နေဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများအနေဖြင့် မိမိ မြို့/ရွာ သန့်ရှင်းသာယာလှပရေးအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း။

မကြာမီ ဇွန် ၁ ရက်တွင် တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ အမိုးအကာအောက် လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများအား အမြန်ဆုံးပြန်လည်ပြုပြင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသားကျောင်းသူ တက်ရောက်မှုအများဆုံးဖြစ်သည့် အထက်တန်းကျောင်းများအား ဦးစားပေးအဖြစ် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ မြို့နယ်ဆေးရုံကြီး (ခုတင်-၅၀)ကိုလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စာရင်းဇယားမြန်ဆန်မှန်ကန်စွာ ကောက်ယူနိုင်ရန် လိုအပ်ကြောင်း၊ ယင်းအတွက် ဌာနဆိုင်ရာအဖွဲ့များအနေဖြင့် မြို့နယ်အလိုက် စနစ်တကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လိုအပ်သည့် ကူညီကယ်ဆယ်ရေး ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျစီမံခန့်ခွဲ၍ ပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ယခုမုန်တိုင်းလွန်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမြန်ဆုံးမူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး အတွက် သက်ဆိုင်ရာ မြို့နယ်များ အလိုက် အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရသေ့တောင်မြို့နယ်ရှိ မုန်တိုင်းသင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရသေ့တောင်နယ်မြေခံတပ်ရင်းမိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

## ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး မုန်တိုင်းသင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ငါးပိ စသည့် အခြေခံ စားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။



မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ဝေဟင်မှတွေ့မြင်ရစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့အတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ လာရောက်ဆောင်ရွက်ပေးနေသည့် ပဲခူးတိုင်းဒေသကြီးမှ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ခရီးစဉ်အတွင်း ကျောက်တော်နှင့် ရသေ့တောင် တပ်နယ်များသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ် သင့်ခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအားပေးစကား ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့် မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအား တွေ့ဆုံမှာကြား

**စစ်တွေ မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကြီးကြပ်ကူညီဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအား ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာ၌ တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**ပျက်စီးမှုများ ဦးစားပေးရှင်းလင်း**

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တပ်မတော်အရာရှိကြီးများအနေဖြင့် တာဝန်ကျရာမြို့နယ်များသို့ ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းကြီးကျောင်းများကို ဦးစားပေးပြုပြင်နိုင်ရေး၊ နိုင်ငံတော်မှ ပေးပို့နေသည့် ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန် ဖြန့်ဝေထောက်ပံ့ရေး၊ စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် အခြားအရေးတကြီး ဆောင်ရွက်ပေးရန်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က မြို့နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအနေဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြန်လည်ထူထောင်ရေး၊ စားရေရိက္ခာထောက်ပံ့ရေးများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ဖြည့်စွက်မှာကြားသည်။

အဆိုပါ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြီးကြပ်ကူညီဆောင်ရွက်ကြမည့် တပ်မတော်အရာရှိကြီးများအား မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တာဝန်ကျရာမြို့နယ်များသို့ စတင်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# စစ်တွေမြို့လမ်းမကြီးများနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်စုပေါင်းဆောင်ရွက်

**စစ်တွေ မေ ၁၉**

မေ ၁၄ ရက်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လမ်းမကြီးများနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း သွားလာဆက်သွယ်ရေးလမ်းကြောင်းများ ပုံမှန်ကောင်းမွန်ရေး၊ ပြိုလဲပျက်စီးမှုများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြသည်။



စစ်တွေမြို့၌ လျှပ်စစ်ဓာတ်တိုင်များစိုက်ထူခြင်း၊ ကြိုးများသွယ်တန်းခြင်း ပြုလုပ်နေမှုကို တွေ့ရစဉ်။

စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများ၊ တက္ကသိုလ်များကို ဇွန် ၁ ရက် ကျောင်းဖွင့်အမီ ဦးစားပေးအနေဖြင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ သာသနိကအဆောက်အအုံများကိုလည်း ဦးစားပေးအဆင့်သတ်မှတ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖြန့်ဝေပေးလျက်ရှိ**

အလားတူ မြို့နေလူထု သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိစေရေး အတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်နာရီလျှင် ရေဂါလန် ၆၆၀ နှုန်း ရေပေးဝေနိုင်သည့် ရွေ့လျားရေသန့်စင်စက်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

မြို့တွင်း လျှပ်စစ်မီးအမြန်ဆုံးရရှိစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများက မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ရသည့် ဓာတ်တိုင်များအား စက်ယန္တရားကြီးများအသုံးပြု၍ လဲလှယ်စိုက်ထူခြင်း၊ လျှပ်စစ်ကြိုးများသွယ်တန်းခြင်း၊ အန္တရာယ်ရှိဓာတ်ကြိုးများ ဖယ်ရှားရှင်းလင်းခြင်း၊ ဆက်သွယ်ရေး ပြန်လည်ရရှိစေရန် ဆက်သွယ်ရေးကြိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ပြန်လည်တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း မုန်တိုင်းဒဏ်ကြောင့် သစ်ပင်ပြိုလဲပျက်စီးမှုကို ရှင်းလင်းခြင်း၊ အန္တရာယ်ရှိ သစ်ပင်ကြီးများကို ခုတ်လှဲခြင်း၊ ခြုံနွယ်များ ရှင်းလင်းခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့် စားရေရိက္ခာများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ တပ်မတော်ရေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် နေ့စဉ် ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် ခရီးသည်တင် လေယာဉ်ခရီးစဉ်များ ယမန်နေ့မှစ၍ နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အလားတူ မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပေါက်တောမြို့နယ်များတွင်လည်း အပျက်အစီးများရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စစ်တွေမြို့ အထက(၁)၌ အမိုးများ ပြုပြင်နေမှုကို တွေ့ရစဉ်။



စစ်တွေမြို့ လမ်းမကြီးများ၌ ပြိုလဲပျက်စီးနေမှုကို စုပေါင်းရှင်းလင်းစဉ်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၁၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### မတည်ထောက်ပံ့ငွေပေးအပ်ခဲ့ပြီးဖြစ်

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ မှ ပထမဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ကျပ် ဘီလီယံ ၂၃၀၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ငွေကျပ် ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုတို့သို့ ငွေကျပ် ငါးဘီလီယံစီဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ဘီလီယံ ၃၃၀ ကို မတည်ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ဒုတိယအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၏ လက်ကျန်ငွေကျပ် ဘီလီယံ ၇၀ မှ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေထူထောင်နိုင်ရေးအတွက် ငွေကျပ် ဘီလီယံ ၅၀ နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ် ဘီလီယံ ၂၀ တို့ကို ခွင့်ပြုခဲ့ကြောင်း၊ တတိယအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေလက်ကျန်ငွေမှ ငွေကျပ် ၅၂ ဘီလီယံကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေသို့ လွှဲပြောင်းရယူ၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ ငွေကျပ် ရှစ်ဘီလီယံစီ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဖြန့်ခွဲထုတ်ပေးထားမှုမှာ စုစုပေါင်းငွေကျပ် ၄၅၂ ဘီလီယံ ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တစ်ဦးချင်းအတွက် အများဆုံးထုတ်ချေးရမည့် ချေးငွေပမာဏထက် ကျော်လွန်၍ ထုတ်ချေးထားသော ချေးငွေများအပေါ် လုံလောက်သော အာမခံရယူထားရေး၊ ချေးငွေသက်တမ်းကာလအတွင်း အရင်း/အတိုးပုံမှန်ပြန်လည်ပေးဆပ်စေရေးနှင့် ချေးငွေသက်တမ်းမစေ့ရောက်သော်လည်း စတင်ချေးယူခဲ့သည့်ရက်မှစ၍ တစ်နှစ်ပြည့်ပါက အရင်း/အတိုး ပြေကျေစွာပြန်လည်ပေးဆပ်စေရေး ဆောင်ရွက်ရန်နှင့် ချေးငွေပေးဆပ်ပြီးပါက ချေးငွေပမာဏ သတ်မှတ်ချက်အတွင်းမှသာ ထုတ်ချေးသွားရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ခြောက်ခုတို့သို့ သွားရောက်စစ်ဆေးခဲ့ပြီး ကျန်ရှိသည့် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့သို့လည်း Virtual Meeting ပြုလုပ်ပြီး စစ်ဆေးမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းဆွေးနွေးအကြံပြု

ယနေ့အစည်းအဝေးတွင် မွန်ပြည်နယ်မှတင်ပြသည့် အထူးချေးငွေထုတ်ချေးပေးနိုင်ရေးကိစ္စနှင့် ချင်းပြည်နယ်မှတင်ပြသည့် ချေးငွေသက်တမ်းတိုးမြှင့်ပေးနိုင်ရေး ကိစ္စတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကသုံးစွဲစေလိုခြင်းဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားတိုးမြှင့်လာရေးကို ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက်မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဦးညွန့်အောင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ရှိချက်၊ လိုအပ်ချက် များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ် (၄၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ MMM ကွန်ဒို၊ အမှတ် ၄၃-၄၄ (8-A) တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၏ အလံပုံစံ**



**ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ဒုတိယနေ့ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ဒုတိယနေ့ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲအစီအစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် စာတမ်းဆွေးနွေးမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စာတမ်းဆွေးနွေးမှုများကို ကြည့်ရှုအားပေးစဉ်။

**တက်ကြွစွာပါဝင်ဆွေးနွေး**

ဒုတိယနေ့ဆွေးနွေးပွဲကို အခန်းခုနစ်ခန်းတွင် အုပ်စုခုနစ်စုခွဲ၍ ဆွေးနွေးပွဲ ခေါင်းစဉ်ကြီးခုနစ်ခုဖြင့် ကျင်းပကြရာ တစ်အုပ်စုလျှင် စာတမ်းခြောက်စောင်ကို စာတမ်းရှင်များက ဖတ်ကြားကြပြီး တက်ရောက်လာသူများက တက်ကြွစွာပါဝင်ဆွေးနွေးကြသည်။

Parallel Session 1 တွင် “ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်လာစေရေး” ခေါင်းစဉ်ဖြင့်ကျင်းပရာ Chair အဖြစ် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ Co-chair အဖြစ် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးရဲလင်းမြင့်၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်ခင်မာဆွေတို့က ဆောင်ရွက်ကြပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေက “ဒေသဆိုင်ရာအုပ်ချုပ်ရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းစည်းရုံးဆောင်ရွက်ရေး” စာတမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးဖြိုးကျော်က “ကျန်းမာပျော်ရွှင်သော ပညာသင်ယူမှုပတ်ဝန်းကျင်ကောင်းဖန်တီးရေး” စာတမ်း၊ ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးက “သင်ကြားသင်ယူမှုအပေါ် စဉ်ဆက်အကဲဖြတ်စနစ်၏ ထိရောက်မှုကို ဆန်းစစ်ရေး” စာတမ်း၊ ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာက “နှစ်ချို့ကင်းကွာကျောင်းသားများ ပြန်လည်လက်ခံရေးအတွက် နည်းလမ်းရှာဖွေရေး” စာတမ်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ပြည်တွင်း) ဦးသန်းထိုက်က “ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး” စာတမ်း၊ ပညာရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးဝင်းက “ကျောင်းသား၊ ဆရာအချိုးမျှတစေရေး ”စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက တက်ကြွစွာပါဝင်ဆွေးနွေးကြသည်။



“ကျောင်းတက်သူဦးရေ ပိုမိုတိုးတက်လာစေရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

**စာတမ်းဖတ်ကြား**

အလားတူ Parallel Session 2 တွင် “KG+9 ပြီးမြောက်ရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ရေး” ခေါင်းစဉ်ဖြင့်ကျင်းပရာ Chair အဖြစ် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာဇော်ဝင်း၊ Co-chair အဖြစ် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်စန်းစန်းရီ၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်လှိုင်တို့က ဆောင်ရွက်ကြပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ယုယုအေးက “ကျောင်းဝင်နှုန်းမြင့်မားရေး” စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းနုနုစိန် က “ကျောင်းနေမြဲရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေး”စာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဝင်းစိုးက “ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူရာတွင် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးရေး” စာတမ်း၊ တောင်ငူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က “အရည်အသွေးရှိသော ဆရာ၊ဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပေးရေး” စာတမ်း ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဝင်းက “အမှန်တကယ် စာတတ်မြောက်၍ မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်ရှိသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရေးနှင့် ကောင်းမွန်သော အသိပညာ၊ ကောင်းမွန်သော အလေ့အကျင့်များကို မူလယ်၊ထက် သင်ရိုးညွှန်းတမ်းတွင် ချိတ်ဆက်ထည့်သွင်း အသိပညာပေးရေး” စာတမ်း ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးက “နယ်စပ်ဒေသများပါမကျန် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးမြောက်ရေး” စာတမ်းတို့ကို ဖတ်ကြားကြသည်။

Parallel Session 3 တွင် “KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှု၊စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ရရှိရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများဖော်ထုတ်ရေး” ခေါင်းစဉ်ဖြင့်ကျင်းပရာ Chair အဖြစ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ Co-chairs အဖြစ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေနှင့် **စာမျက်နှာ ၁၁ သို့** ❖



“KG+9 ပြီးမြောက်ရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။



“KG+9 ပြီးမြောက်အောင်မြင်သူ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများဖော်ထုတ်ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။



"လုပ်ငန်းခွင်လက်တွေ့ အသုံးကျမည့် နည်းပညာနှင့် သက်မွေးပညာရပ်များကို ထိရောက်စွာသင်ကြား၍ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။



"အဆင့်မြင့်ပညာကဏ္ဍ တိုးတက်ရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

❖ စာမျက်နှာ ၁၀ မှ

အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိုးဝင်းတို့က ဆောင်ရွက်ကြပြီး နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ဇေယျမြင့်က "နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး သင်ယူနိုင်မှုအခွင့်အလမ်းကို ပြည်သူလူထု ပိုမိုသိရှိနားလည်လာစေရန် တိုးမြှင့်ဆောင်ရွက်ရေး"စာတမ်း ၊ စိုက်ပျိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလေးလေးခိုင် က "KG+9 အလွန် ပညာရေးတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကို သင်ယူနိုင်သော သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး" စာတမ်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ချိုသင်း က "KG+9 အလွန် ပညာရေး အတွက်လိုအပ်သော ဆရာ ဆရာမများ ခန့်ထားရေး နှင့် စွမ်းဆောင်မှုမြှင့်တင်နိုင်ရေး" စာတမ်း၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူ က "KG+9 အလွန် ပညာရေးအတွက် နည်းပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်မှု၊ အရည်အသွေး အာမခံမှုနှင့် စီမံခန့်ခွဲမှုပိုမိုအားကောင်းအောင် ဆောင်ရွက်ရေး" စာတမ်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ရဲထွဋ်အောင် က "KG+9 အလွန် ပညာရေးအတွက် စိုက်ပျိုး–မွေးမြူရေးကဏ္ဍသင်ရိုးညွှန်းတမ်း၊ စစ်ဆေး အကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့် စီမံခန့်ခွဲမှု ပိုမိုအားကောင်းအောင် ဆောင်ရွက်ရေး"စာတမ်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်ကြည်ချိုက "စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေး ပညာသင်တန်းကျောင်းများမှ ပြီးမြောက်သူများကို ဘဝတစ်သက်တာပညာသင်ကြားခွင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်း ပြီးမြောက်ကြောင်း အသိအမှတ်ပြုရေးနှင့် ဆက်လက်ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ဖော်ဆောင်ရေး"စာတမ်းတို့ကို ဖတ်ကြားကြသည်။

Parallel Session 4 တွင် "လုပ်ငန်းခွင်လက်တွေ့ အသုံးကျမည့် နည်းပညာနှင့် သက်မွေးပညာရပ်များ ကိုထိရောက်စွာသင်ကြား၍ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပကြရာ Chair အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာငွေးသွင်၊ Co-chairs အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာယဉ်ယဉ်ငွေးအောင်၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ (ဟိုပုံး) စာပေညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်ထွန်းတို့က ဆောင်ရွက်ကြပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက "လုပ်ငန်းခွင်လက်တွေ့အသုံးကျမည့် စက်မှုဆိုင်ရာ သက်မွေးပညာသင်တန်းများအတွက် သင်ယူနိုင်သောအခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး" စာတမ်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာ စောထိုလွီထူးက "လုပ်ငန်းခွင်လက်တွေ့ အသုံးကျမည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ သက်မွေးပညာသင်တန်းများအတွက် သင်ယူနိုင်သော အခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရေး"စာတမ်း၊ အမှတ်(၆) စက်မှုသင်တန်းကျောင်း မြင်းခြံ ကျောင်းအုပ် ဒေါ်မျိုးမျိုးသက်က "အစိုးရ၊ ပုဂ္ဂလိက၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများပူးပေါင်း၍ အလုပ်အကိုင်အခွင့် အလမ်းများရရှိစေမည့် အစီအစဉ်များဖော်ထုတ်ရေး"စာတမ်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပါမောက္ခ ဦးသက်ခိုင်ဦးက "ခေတ်နှင့်လျော်ညီသော နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေး" စာတမ်း၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် ဘောဂဗေဒဌာန ပါမောက္ခဌာနမှူး ဦးကျော်သူရ က "လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်မွေးပညာရေးမြှင့်တင်ရေး" စာတမ်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) ကျောင်းအုပ်ကြီး ဦးဇေယျာအောင်က "ရေရှည်တည်တံ့ခိုင်မြဲသော သက်မွေးပညာရေးစနစ်ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ဖော်ဆောင်ရေး" စာတမ်းတို့ကို ဖတ်ကြားကြသည်။



"သုတေသနနှင့် တီထွင်ဆန်းသစ်မှုမြင့်မားရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

**ဆွေးနွေး**

Parallel Session 5 တွင် "အဆင့်မြင့်ပညာကဏ္ဍ တိုးတက်ရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင် များမွေးထုတ်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပရာ Chair အဖြစ် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ Co–chairs အဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ဦးနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှမျိုးထွန်း တို့က ဆောင်ရွက်ကြပြီး ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာကြူက "အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရေး" စာတမ်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စောစန္ဒာအေးက "နည်းပညာအသုံးပြုသင်ကြား သင်ယူမှုနှင့် စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်မည့်အစီအစဉ်များဖော်ထုတ်ရေး" စာတမ်း၊ စစ်တက္ကသိုလ်သုတေသနဌာနလက်ထောက်ကထိက ဗိုလ်မှူးထွန်းလင်းကျော်က "သင်ယူမှုရလဒ်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည့် ရလဒ်အခြေပြုပညာရေးစနစ်"စာတမ်း ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယဉ်မျိုးသူ က "တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေးနှင့် တက္ကသိုလ်ပရိဝုဏ်သန့်ရှင်းသာယာခံ့ညားရေး" စာတမ်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခ ဒေါက်တာနီလာတိုး က "ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်းများခေတ်မီစေရေး" စာတမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ မြင့်မြင့်ကြည်က "နိုင်ငံစီးပွားတိုးတက်ရေးအတွက် စီးပွားရေးပညာရှင်များ ပိုမိုမွေးထုတ်ပေးရေး" စာတမ်းတို့ကို ဆွေးနွေးကြသည်။

Parallel Session 6 တွင် "သုတေသနနှင့် တီထွင်ဆန်းသစ်မှုမြင့်မားရေး"ခေါင်းစဉ်ဖြင့် ကျင်းပရာ Chair အဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်းနှင့် **စာမျက်နှာ ၁၂ သို့ ❖**








မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ရှိ ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာနများ၏ ပညာရေးပြခန်းများသို့ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့တော်ဝန်နှင့် တာဝန်ရှိသူများကိုတွေ့ဆုံ



နေပြည်တော် မေ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် လင်ချန်းမြို့ ဘူတာရုံ၌ တရုတ် - မြန်မာ အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းသစ် တည်ဆောက်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးဇုန်တည်ဆောက်ရေးနှင့် အနာဂတ်စီမံကိန်းများကို လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် Mr. Zhao Zijie က မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် Lintong Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ လင်ချန်းမြူနီစပယ်ကော်မတီအတွင်းရေးမှူး Mr. Zhang Zhizheng နှင့် လင်ချန်းမြို့တော်ဝန် Mr. Du Jianhui အပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ကိစ္စရပ်များ၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် လင်ချန်းမြို့ပြ စီမံကိန်း ပြတိုက်နှင့် ဝမ်ယောင်ကျေးရွာရှိ ကြွေထည်မြေထည် ထုတ်လုပ်သည့် လုပ်ငန်းတို့သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မိုခါမုန်တိုင်း ကျရောက်ခဲ့သည့် ဒေသများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးဝင်းအတွင်း မိုခါမုန်တိုင်းဒဏ်သင့် အဆောက်အအုံများထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ရန်နှင့် ပြန်လည်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုခါမုန်တိုင်း ကျရောက်ခဲ့သည့် ဒေသများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မိုခါမုန်တိုင်းဒဏ်သင့် ဒေသများဖြစ်သည့် ရခိုင်ပြည်နယ် မြို့နယ်တစ်ခုချင်းအလိုက် ကျန်းမာရေးကဏ္ဍဆိုင်ရာမှ ကြိုတင်ပြင်ဆင်ခဲ့မှုများ၊ မုန်တိုင်းကျရောက်ပြီးနောက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုဆန်းစစ်သုံးသပ်၍ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းရေး၊ ရခိုင်ပြည်နယ်နှင့် အခြားလေမုန်တိုင်းသင့်ဒေသများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိစေရေး ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်စင်ဆေးပြားများဖြန့်ဝေခြင်း၊ လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ ပို့ဆောင်ခြင်းများကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအထိရောက်ရှိရေးနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ရေး၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုရှိပါက အမြန်ဆုံးတုံ့ပြန်နိုင်ရေး၊ RRT (Rapid Response Team)များနှင့် ဆေးအဖွဲ့များကို လိုအပ်သလို ထပ်မံစေလွှတ်နိုင်ရေးနှင့် တာဝန်ပြီးဆုံးသည့် အဖွဲ့များနေရာတွင် အခြားအဖွဲ့များအစားထိုး စေလွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူက ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ဆေးခန်းများပျက်စီးဆုံးရှုံးမှု၊ ကုသရေးဦးစီးဌာန တာဝန်ရှိသူက စစ်တွေပြည်သူ့ဆေးရုံကြီး၊ ခရိုင်အဆင့်ဆေးရုံ၊ မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများပျက်စီးဆုံးရှုံးမှု၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနတာဝန်ရှိသူက သူနာပြု/သားဖွား သင်တန်းကျောင်းများ ပျက်စီးဆုံးရှုံးမှု ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာဦးစီးဌာနအလိုက် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပျက်စီးသွားသည့် ကျန်းမာရေးအဆောက်အအုံများကို ဦးစီးဌာနအလိုက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်ရှိ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေများကို အသုံးပြု၍ ထိရောက်အကျိုးရှိစွာ ပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် ဆွေးနွေးဖြည့်ဆည်းပေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြောင်းသိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၁၁ မှ

ဗီဝနည်းပညာ သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးခိုင်တို့က ဆောင်ရွက်ကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသုနန္ဒာ က "ဘွဲ့ကြိုသင်တန်းများတွင် ဘွဲ့ယူသုတေသန ပရောဂျက် အစီအစဉ်များထည့်သွင်းရေး"စာတမ်း၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့် က "သယံဇာတနှင့် သဘာဝဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် အဆင့်မြင့်ပညာ၏အရေးပါမှု" စာတမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဆွေလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာကြည်တို့က "နည်းပညာအခြေပြု စာရေရိက္ခာဖူလုံရေး" စာတမ်း၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် ပါမောက္ခဒေါက်တာ မို့မို့ကြည်က "တက္ကသိုလ်နှင့်လုပ်ငန်းခွင်ချိတ်ဆက်ရေး" စာတမ်း၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မင်းနိုင် က " အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အထောက်အကူပြုအသုံးချ သုတေသနများတိုးမြှင့်ဆောင်ရွက်နိုင်ရေး" စာတမ်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ဦး က "သုတေသနဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ချမှတ်နိုင်ရေး" စာတမ်းတို့ကို ဖတ်ကြားကြသည်။

Parallel Session 7 တွင် "အရည်အသွေးရှိသော ဆရာဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေး" ခေါင်းစဉ်ဖြင့်ကျင်းပရာ Chair အဖြစ် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ Co-chairs အဖြစ် ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သူဇာရှိန်တို့က ဆောင်ရွက်ကြပြီး ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်က "ပညာရေးကဏ္ဍအလိုက် ဆရာဆရာမများ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအစီအစဉ်များ ထည့်သွင်းရေး" စာတမ်း ၊ မွန်ပြည်နယ်ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင် က "ဆရာ ဆရာမများ ပြန်နှုန်းတီးမှု လျော့ပါးစေရေးနှင့် လုပ်ငန်းခွင်ပျော်မွေ့စေရေး"စာတမ်း၊ သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီအောင်က "လုပ်ငန်းခွင်အကြိုသင်တန်းနှင့် လုပ်ငန်းခွင်အတွင်းမွမ်းမံသင်တန်းများ တက်ရောက်စေရေး" စာတမ်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း) ကျောင်းအုပ်ကြီး ဒေါက်တာသန်းဇော်က "နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍရှိ ဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး" စာတမ်းတို့ကို ဖတ်ကြားကြသည်။



"အရည်အသွေးရှိသော ဆရာဆရာမများ ဖြည့်ဆည်းလေ့ကျင့်ပျိုးထောင်ရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

မွန်းလွဲပိုင်းတွင် Chair အဖြစ် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ဆွေထွန်း၊ Co-chairs အဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဉာဏ်ဝင်းသန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်တို့က ဆောင်ရွက်ကြပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က "ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကျောင်းတွင်း အရည်အသွေးအာမခံမှု (IQA) တို့ ချိတ်ဆက်၍ ဆရာအရည်အသွေးမြင့်မားစေရေး" စာတမ်း၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးညွှန့်က "ဆရာဆရာမများ အရည်အသွေးစဉ်ဆက်မပြတ်လေ့ကျင့်ပေးရေး" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက တက်ကြွစွာ ဆွေးနွေးအကြံပြုကြသည်။

ယနေ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရာ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ရှိ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ပညာရေးပြခန်းများသို့ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ မိဘပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ရေကြောင်းလူငယ်၊ လေကြောင်း လူငယ်သင်တန်းသား သင်တန်းသူများ လာရောက်ကြည့်ရှုလေ့လာကြကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့်ပျက်စီးမှုများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဝန်ထမ်းများနှင့်တွေ့ဆုံ ပျက်စီးသွားသောသဲချောင်းတံတားကို ယာယီဘေလီတံတား အစားထိုးတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရခိုင်ပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဂျင်နီယာချုပ်များ၊ ရခိုင်ပြည်နယ်ရှိ ဝန်ထမ်းများကို ယနေ့တွင် ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ရခိုင်ပြည်နယ် ခရိုင်၊ မြို့နယ်များရှိ ရုံးများနှင့် လူနေအဆောက်အအုံများ၏ အမိုးအကာများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်၊ မိမိတို့မူလတာဝန်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် လမ်းမကြီးပေါ်တွင် သစ်ပင်များလဲကျပိတ်ဆို့မှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့က ဖယ်ရှားရှင်းလင်းရာတွင် မိမိတို့ဝန်ကြီးဌာနက စက်ယာဉ်ယန္တရားများဖြင့် ပူးပေါင်းပါဝင် ရှင်းလင်းဆောင်ရွက်ပေးရန်၊ လမ်းကြောင်းတစ်လျှောက် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် ပျက်စီးသွားသောတံတားများကို ယာယီဘေလီတံတားထိုး၍ သွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန်၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံအဆောက်အအုံများ၊ တက္ကသိုလ်များနှင့် အခြေခံပညာအထက်တန်းကျောင်းများ၏ ပျက်စီးမှုကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးအတွက် ပျက်စီးမှုစာရင်းကောက်ယူခြင်း၊ ပစ္စည်းလိုအပ်ချက်စာရင်းပြုစုခြင်း၊ အမိုးသွပ်၊ သွပ်ရိုက်သံနှင့် သစ်လိုအပ်ချက်များကိုပြုစု၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆောက်လုပ်ရေးအဖွဲ့များ ပေါင်းစပ်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များက ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေ-ပလ္လင်ပြင်လမ်း မိုင်တိုင်အမှတ် (၂/၄)ရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သဲချောင်းတံတားကို ယာယီဘေလီတံတား အရှည် ပေ ၁၄၀ ၊ အကျယ် ၁၈ ပေ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းခန့်က ယာယီတံတားထိုးနေမှုအခြေအနေနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူများ သွားလာရေး အဆင်ပြေစေရန် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ဆုံးဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည် ။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့တွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် စစ်တွေမြို့ရှိ ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၉**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော မီတာ ၁၀၀ တာဝါတိုင်ကို ရှင်းလင်းဖျက်သိမ်းရေး၊ စက်ရုံအမိုးများ ပြန်လည်မိုးရေး၊ စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိအောင် ဖုံးအုပ်ထားရေးတို့ကို အင်ဂျင်နီယာမှူးနှင့် စက်ရုံမှူးတို့အား မှာကြားသည်။ ထို့နောက် ယာယီအစားထိုးထုတ်လွှင့်ရန် ရောက်ရှိနေသော မီတာ ၃၀ တာဝါတိုင် တည်ဆောက်ရေးနှင့် မြေနေရာရွေးချယ်ထားခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အမြန်တည်ဆောက်ထုတ်လွှင့်နိုင်ရေး မှာကြားသည်။



ထို့နောက်ဒုတိယဝန်ကြီးသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက် (စစ်တွေ) စက်ခန်းများနှင့် ပစ္စည်းသိုလှောင်ခန်းများကို ကြည့်ရှုပြီး စက်များကို ပြန်လည်စစ်ဆေး၍ လိုအပ်သည်များ ပြုပြင်ရန်၊ လောလောဆယ် မိုးဒဏ်မခံရအောင်တာပေါ်လင်စများ၊ မိုးကာများဖြင့် ဖုံးအုပ်ထားရန်နှင့် စက်ခန်းများမှ အပျက်အစီးများ ရှင်းလင်းရေး အမြန်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးရုံးတို့သို့ ရောက်ရှိပြီး ပျက်စီးမှုများ ရှင်းလင်းဆောင်ရွက်ထားရှိမှု၊ အရေးပေါ်မိုးလုံအောင် မိုးကာရေးနှင့် စာကြည့်တိုက်စာအုပ်များနှင့် ရုံးသုံးစက်ပစ္စည်းများ မုန်တိုင်းမကျမီ မပျက်စီးအောင် ကြိုတင် စီမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လပွတ္တာမြို့၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**လပွတ္တာ မေ ၁၉**

၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၈ ရက်တွင် လပွတ္တာမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ခရိုင်ရုံး၌ ထုတ်ချေးပေးလျက်ရှိသည်။

လပွတ္တာလုပ်မြောက်ကျေးရွာအုပ်စုမှ တောင်သူ ကိုးဦး၏ စိုက်ပျိုးဧက ၈၃ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၂၄၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း၊ အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်း သတ်မှတ်ထားကြောင်း၊ အချိန်စေ့လွန်ကြွေးကျန်မရှိသော တောင်သူများကို ဦးစားပေးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်သော တောင်သူများကို လက်ခံခြင်းအား တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ (၇) အထောက်အထားနှင့် တစ်ဦးချင်းအာမခံစနစ်ဖြင့် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်သီတာသွင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန်ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ

နေပြည်တော် မေ ၁၉

ရခိုင်ကမ်းရိုးတန်းဒေသသို့ ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှစစ်ရေယာဉ် INS Gharial သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ MITT တံတားသို့ ထပ်မံဆိုက်ရောက်လာခဲ့ပြီး အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယရေတပ်၏ စစ်ရေယာဉ် INS Gharial မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial ဖြင့်ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဆက်လက်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပို့ဆောင်သော ရန်ကုန်မြို့တွင် ယမန်နေ့က ရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS-Shivalik၊ INS-Kamorta နှင့် INS-Savitri တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ဝန်ကြီးဌာနအသီးသီး၏ ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့

နေပြည်တော် မေ ၁၉



ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ကွန်ကရစ်မီးတိုင်များ၊ တာဝါတိုင်များ၊ သံချောင်းများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ သစ်ခွဲသားများ၊ မိုးကာတဲများ၊ မိုးကာများ၊ သွပ်များ၊ အိမ်ရိုက်သံများ၊ ဆက်သွယ်ရေး ဖိုက်ဘာကေဘယ်လ်များ၊ ဆန်အိတ်နှင့် ခေါက်ဆွဲခြောက်များ အပါအဝင် ကူညီကယ်ဆယ်ရေး ပစ္စည်းများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန၏ စီစဉ်မှုအရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုဖြင့် မေ ၁၆ ရက်မှ စတင်၍ ရန်ကုန်မြို့ The Myanmar Terminal (TMT) ဆိပ်ကမ်းတံတား၌ MV.AQUARIUS၊ MV.SUN SHINE နှင့် MV.FOR TUNE သင်္ဘောသုံးစင်းတို့ပေါ်သို့ တင်ဆောင်လျက်ရှိသည်။

MV.AQUARIUS သင်္ဘောသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ထွက်ခွာသွားပြီး ကျန်သင်္ဘော နှစ်စင်းပေါ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ အမြန်ဆုံးတင်ဆောင်၍ စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 သည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း ( Account Transfer ) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) K Pay ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ QR code နံပါတ် 70157401001 တို့သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉-၂၅၅၀၀၁၅၄၂၊ ၀၉-၂၅၅၀၀၁၅၄၃ တို့သို့လည်းကောင်း လှူဒါန်းနိုင်ပါသည်။

၃။ နိုင်ငံခြားငွေစာရင်းအမှတ် ( 1DA-0300086) သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE /BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 1DA-0300086 သို့ လှူဒါန်းနိုင်ပါသည်။

၄။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |










အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## မိုခါ(MOCHA)မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ IDP Camp များတွင် နေထိုင်သောဘင်္ဂါလီလူမျိုး ၄၀၀ သေဆုံးသည်ဟု လူမှုကွန်ရက်များတွင် ဖော်ပြနေသော သတင်းများအပေါ် သတင်းမှန်ပြန်ကြားခြင်း

**နေပြည်တော် မေ ၁၉**

မိုခါ(MOCHA) မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်တွေမြို့ IDP Camp များတွင် နေထိုင်သော ဘင်္ဂါလီလူမျိုး ၄၀၀ သေဆုံးသည်ဟု လူမှုကွန်ရက်စာမျက်နှာအချို့တွင် ဖော်ပြနေကြောင်း တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မေ ၁၂ ရက် နံနက်ပိုင်းမှစတင်ပြီး ရခိုင်ပြည်နယ် ၁၇ မြို့နယ်သို့ IDP Camp များအပါအဝင် လေဘေးရေဘေးအန္တရာယ်မှ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် ပြည်နယ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ ဦးဆောင်၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကျေးအဆင့်ထိ ရွှေ့ပြောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ရွှေ့ပြောင်းရာတွင်လည်း စနစ်တကျ ဦးစားပေးအနေဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်များအား ရွှေ့ပြောင်းပြီးမှသာလျှင် ကျန်းမာသန်စွမ်းသူများအား အသုတ်လိုက်ရွှေ့ပြောင်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် စစ်တွေမြို့ အပါအဝင် IDP Camp ၁၇ ခုရှိ ခိုလှုံဘင်္ဂါလီလူဦးရေ ၁၂၅၇၈၉ ဦးအနက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လိုအပ်သည့် ဖ၃၃၀၂ ဦးခန့်ကို ဘေးလွတ်ရာအဆောက်အအုံများနှင့် ဆိုင်ကလုန်း Shelter များသို့ ရွှေ့ပြောင်းနိုင်ခဲ့ပါသည်။ ဆိုင်ကလုန်း မိုခါဝင်ရောက်ပြီးနောက် မေ ၁၇ ရက်အထိ မြေပြင်ကောက်ခံရရှိသည့် စာရင်းများအရ တပ်မတော်သား လေးဦး၊ ဒေသခံတိုင်းရင်းသား ၁၈ ဦးနှင့် ဘင်္ဂါလီ ၂၆ ဦး စုစုပေါင်း ၄၈ ဦးသေဆုံးကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ မေ ၁၈ ရက် ထပ်မံရရှိသတင်းအရ ဒေသခံ ခြောက်ဦးနှင့် ဘင်္ဂါလီ ၉၁ ဦး စုစုပေါင်း ၉၇ ဦး သေဆုံးကြောင်း သတင်းရရှိပြီး ရရှိသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ယခုသေဆုံးသူများသည် တာဝန်ရှိသူများမှ ပြောင်းရွှေ့ပေးမှုအပေါ် လိုက်ပါခြင်းမရှိဘဲ မိမိအစီအစဉ်ဖြင့် နေအိမ်များ၌ ကျန်ရှိခဲ့သူများသာ ဖြစ်သည်။ သို့ဖြစ်၍ လူမှုကွန်ရက်များတွင် ဖော်ပြနေသည့် ဘင်္ဂါလီလူမျိုး သေဆုံးသူဦးရေ ၄၀၀ ကျော်ဆိုသည်မှာ မှန်ကန်မှုမရှိပေ။ ထို့ကြောင့် မမှန်သတင်းများထုတ်လွှင့်ကာ ပြည်သူကို အထိတ်တလန့်ဖြစ်အောင် ထုတ်လွှင့်နေသည့် မီဒီယာစာမျက်နှာအချို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူ စုစုပေါင်း ၁၄၅ ဦး သေဆုံးခဲ့

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထိုသို့ထုတ်ပြန်လျက်ရှိရာ မေ ၁၇ ရက် မွန်းလွဲပိုင်းအထိရရှိသော စာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) တိုက်ခတ်မှုကြောင့် ၄၈ ဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA)တိုက်ခတ်မှုကြောင့် မေ ၁၈ ရက် ညပိုင်းအထိ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး စုစုပေါင်း ၉၇ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရှိရ၍ သေဆုံးသူ စုစုပေါင်း ၁၄၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



### ကူညီဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်များကို လိုအပ်သည့် ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လှူဒါန်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်အုပ်စုတွင်ပါဝင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုဆောင်ရွက်ပေးသည်။

ပုဏ္ဏားကျွန်းမြို့တွင် ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ ပြည်သူ့ဆေးရုံရှေ့၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့မှုများအား ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

### ထောက်ပံ့ပစ္စည်းများ ပေးအပ်

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း ယနေ့တွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော နေရာများသို့ ရေပေးဝေခြင်း၊ ကူညီကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

### ရှင်းလင်းပေး

အလားတူ ပခုက္ကူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ယနေ့တွင် ပုဂံ-ညောင်ဦး-ပခုက္ကူသွား ကားလမ်းမဘေးတစ်လျှောက်တွင် မုန်တိုင်းဒဏ်ကြောင့် လဲကျနေသည့်သစ်ပင်ကြီးများအား ရှင်းလင်းပေးပြီး လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ အနေဖြင့် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းကြောင်းတစ်လျှောက် သစ်ပင်သစ်ကိုင်း ပိတ်ဆို့လဲကျနေမှုများအား ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုများအား ရှင်းလင်းခြင်း၊ ရေလမ်းခရီးဖြင့် သွားလာရမည့် ဒေသများသို့ သွားလာနိုင်ရေး ရေယာဉ်များပေါ်သို့ ရွှေ့ပြောင်းခြင်းတို့ကို ပြုလုပ်၍ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆက်လက်ချီတက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် မေ ၁၆ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်ပြီး နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဆေးကုသမှုပေးရန် လိုအပ်သော သဘာဝဘေးဒဏ်သင့်ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာနှင့် မရဲ့ပျားမွတ်ကျေးရွာတို့ရှိ လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

သဘာဝလေဘေးတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကျိုက်ကျေးရွာရှိ ကျုံကျိုက်တိုက်နယ်ဆေးရုံ အခြေခံပညာအထက်တန်းကျောင်းနှင့် မရဲ့ပျားမွတ်ကျေးရွာရှိ လူနေအိမ်များ ပြိုကျပျက်စီးမှုများကြောင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ သွပ်အမိုးများ အသစ်ပြန်လည်လဲလှယ်ပေးခြင်း၊ လိုအပ်သည့် ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)ဖြင့် ပို့ဆောင်

နေပြည်တော် မေ ၁၉

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၆၈၅ ဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ အရပ်သားဝန်ထမ်း ၁၀၇ ဦး၊ ကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရိက္ခာ အမယ်စုံ၊ အထောက်အကူပြုပစ္စည်းများ၊ ဆန်အိတ် ၂၀၀ နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ စုစုပေါင်း ၂၅ တန်ခန့်တင်ဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်-စစ်တွေခရီးစဉ်အတိုင်း ထွက်ခွာကြသည်။

အဆိုပါ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများက လာရောက်ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ရေသန့်ဘူး ၂၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် မေ ၁၉

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ World Bank မိုးကာလိပ် ၆၀၊ World Bank (5.5m x 6m) မိုးကာစ ၅၀၊ World Bank မိုးကာတဲ ကိုးလုံး၊ စင်ကာပူ မိုးကာတဲအလုံး ၃၀၊ ကျားဝတ်လုံချည်အထည် ၁၀၀၀၊ မဝတ်လုံချည်အထည်၁၀၀၀၊ တီရှပ်အထည် ၂၀၀၀၊ စောင်အထည် ၁၀၀၀၊ တဘက်အထည် ၁၀၀၀၊ ခြင်ထောင်အထည် ၁၀၀၀၊ ဆပ်ပြာတောင့် ၁၀၀၀၊ ကလေး(ကျား) ကျောင်းဝတ်စုံ ၁၀၀၀၊ ကလေး(မ) ကျောင်းဝတ်စုံ ၁၀၀၀၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်မှ ဒီဇယ်ဆီအလုံး ၂၀၊ ဓာတ်ဆီ ငါးလုံး စုစုပေါင်း ၁၀ တန်တို့ကို ရေချမ်းပြင်ချောင်းဝအနီးမှတင်ဆောင်ပြီး ထွက်ခွာလာခဲ့ရာ ရသေ့တောင်သို့ မေ ၁၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။



အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ရေသန့်စက်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်းအထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲငွျိုင်းဆက် ရှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၇ ဒသမ ၅ တန်တို့ကို လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ရေသယ်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်းအထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲငွျိုင်းဆက် ခုနစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၅ တန်တို့ကို လည်းကောင်း စစ်တွေမြို့၌ တင်ဆောင်ထွက်ခွာလာပြီး ရေချမ်းပြင်မှတစ်ဆင့် ရသေ့တောင်သို့ မေ ၁၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကာ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဆက်လက် ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဟသ်ာတမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ဟသ်ာတ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၃ မိုးရာသီချေးငွေကို ယမန်နေ့နံနက် ၁၀နာရီမှစ၍ လယ်တော်ကျေးရွာအုပ်စုမှ တောင်သူများအား ထုတ်ချေးပေးခဲ့သည်။

ယင်းသို့ ထုတ်ချေးပေးရာတွင် ဟသ်ာတမြို့နယ်ရှိ တောင်သူများအား မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး လယ်တော်အုပ်စုရှိ တောင်သူ ၂၀ ၏ လယ်မြေ ၁၄၃ ဧကအတွက် ငွေကျပ် ၂၁၄၅၀၀၀၀ ကို ထုတ်ချေးခဲ့ကာ ကြွင်းကျန်သည့် ကျန်ကျေးရွာအုပ်စုများအား ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ကျောင်းကုန်း မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောင်းကုန်းမြို့နယ်ဘဏ်ခွဲမှ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုရှိ လယ်မြေဧက ၅၅၆ ဧကအတွက် ငွေကျပ် ၈၃၄ သိန်း၊ ဇီးငူကျေးရွာအုပ်စုရှိ လယ်မြေဧက ၄၄၉ ဧကအတွက် ငွေကျပ် ၆၇၃ ဒသမ ၅ သိန်း၊ မိုးပြာအရှေ့ကျေးရွာရှိ လယ်မြေဧက ၁၇၄ ဧကအတွက် ငွေကျပ် ၂၆၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါး ခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အအုံ ၃၄၀ ပျက်စီးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း၌ နေထိုင်သူ ၁၄၅ ဦး သေဆုံးခဲ့

နေပြည်တော် မေ ၁၉

ဆိုင်ကလုန်းမုန်တိုင်း “မိုခါ”(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ်ထပ်မံစိစစ်ခဲ့ရာ မေ ၁၉ ရက် မွန်းလွဲပိုင်းအထိ ရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အအုံ ၃၄၀ ပျက်စီးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူ ၁၄၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင် စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက လှူဒါန်းငွေကျပ် ၃၄၀၀၇၂၁၅၀ အပါအဝင် ဆန်၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်ဘူးနှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံ အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၁၉**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ပါဝင်သည့် အင်အား ၂၅ ဦးနှင့် အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ပစ္စည်းများ၊ ဘီစကွတ်မုန့်များ၊ ဘဲဥ ဖာ ၅၀၀၊ ဆိုလာ ၁၉ ဖာ၊ ဆေးပစ္စည်း ၉၇ ဖာ၊ ခေါက်ဆွဲခြောက် ဖာ ၃၀၀ ၊ ခေါက်ဆွဲ ၁၅၅၄ တွဲ၊ မုန့်မျိုးစုံ ဖာ ၁၀၀၊ ငါးသေတ္တာ ငါးဖာ၊ ဆန်ပြုတ် ၁၀ ဖာ၊ ဓာတ်ဆား ရှစ်အိတ်၊ သွပ်ပြား ၂၆၇ ချပ်၊ စက္ကူဖာ သုံးဖာ၊ အရေးပေါ်သုံးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ကိုးခေါက် ပို့ဆောင်ပေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးတို့ စစ်ကိုင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**ထောက်ပံ့ပေးအပ်**

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၅၈ ဦးအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တံတားဦးလေဆိပ်မှ စစ်တွေ လေဆိပ်သို့ ယနေ့တွင် တပ်မတော်လေယာဉ်ဖြင့် ငါးကြိမ် ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါလေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၀၀ အထိ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**ကျိုက်မရော မေ ၁၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့နံနက် ၉ နာရီမှ စတင်ကာ ထုတ်ချေးပေးလျက်ရှိသည်။

မိုးရာသီတွင် လယ်ယာလုပ်ငန်းခွင်ဝင်ရမည့် တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ကြွေးကျန်မရှိသူများအား အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ဦးစားပေး ထုတ်ပေးခြင်းဖြစ်ပြီး မိုးစပါးတစ်ဧကလျှင် ချေးငွေကျပ်တစ်သိန်းခွဲနှုန်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ကျေးရွာအုပ်စု လေးအုပ်စုမှ ဘိန်းဗျောကျေးရွာ၊ ခနောင်ကျေးရွာ၊ သံကလောင်ကျေးရွာနှင့် ကော့ပလိုင်ကျေးရွာရှိ တောင်သူ ၂၅ ဦး၏ စိုက်ဧကပေါင်း ၁၁၂ ဧက အတွက် မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေစုစုပေါင်း ၁၆၈ သိန်းကို တောင်သူများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး၌ မိုးရာသီစိုက်ပျိုးချေးငွေ ပေးအပ်

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ( ပဲခူးအရှေ့ ) ရှိ ဝေါမြို့၊ ကဝမြို့နှင့် သနပ်ပင်မြို့တို့တွင် ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးမန်နေဂျာက ချေးငွေထုတ်ချေးပုံ အဆင့်ဆင့်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ၂၈ မြို့နယ်တွင် ကျေးရွာ ၁၅၆၁ ရွာသို့ စိုက်ဧက ၁၁၇၆၀၁၀ အတွက် ၁၇၆ ဘီလီယံ လျာထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သီးနှံ ဘဏ်ချေးငွေများ ထုတ်ချေး

**ကျုံပျော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၂၃ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ စတင်ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတို့က တောင်သူများအား တစ်ဧက ၁၀ တင်းစီ တိုးထွက်ရေး နည်းပညာပေးဆွေးနွေးပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးကြည်လွင်က ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ မူဝါဒ၊ အတိုးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့် သတ်မှတ်ချက်များအား ရှင်းလင်းပြောကြားကာ အင်းမကျေးရွာရှိ တောင်သူ ၁၀၆ ဦး၏ စိုက်ဧက ၇၁၀ အတွက် ချေးငွေကျပ် ၁၀၆၅ သိန်းအား စတင်ထုတ်ချေးခဲ့သည်။

ကျုံပျော်မြို့နယ်တွင် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို မေလမှ စက်တင်ဘာလအထိ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲ နှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အတိုး ငါးရာခိုင်နှုန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၈ အုပ်စုမှ တောင်သူများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၉

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စခန်းလှကျေးရွာနေ ကျော်ဇောထွန်းသည် ၎င်းအသုံးပြုသည့် “Kyaw Zaw” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာနေ ရွှေရည်ဝင်း(ခ)ချောချောသည် ၎င်းအသုံးပြုသည့် “Shwe Yee Win” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ကျော်ကျော်စိုး(ခ)ထက်ကျော်ကျော်သည် ၎င်းအသုံးပြုသည့် “Htet Kyaw Kyaw Soe” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၄၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၀ | ၂၇၀၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၉ | ၁၉၇၁ |
| 95 Ron | ၁၉၉၀ | ၂၀၆၃ |
| HSD (500 ppm) | ၁၈၂၈ | ၁၈၉၄ |
| HSD (50 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (10 ppm) | ၁၉၀၂ | ၁၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၀၀ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၅၆,၈၁၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၈၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၆,၆၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄.၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၆.၃၅ ကျင်း | - | ၇၅၇၆.၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆.၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆.၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅.၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ်– နွယ်အေး၊ မြေကွက်အမှတ်(၃၀၄)၊ ပဒုမ္မာလမ်း ဟုခေါ်တွင်သော ဒေါ်ညို အမည်ပေါက် အကျယ်အဝန်း ပေ(၂၅x ၅၀) အနက်မှ (မြေကွက်ကိုမျက်နှာမူပါက–ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x၅၀')ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို**

**ကန့်ကွက်နိုင်ပါကြောင်း**

အထက်ရည်ညွှန်းလိပ်စာပါ မြေနှင့်အိမ်ကို အမည်ပေါက်ထံမှ အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဒါဝတ် [၁၂/သကတ(နိုင်)၁၁၇၈၄၉] မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးယာခုတ်ဟူဆိန်း [၁၂/ဒဂတ(နိုင်)၁၃၄၈၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးယာခုတ်ဟူဆိန်း၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင်းဝင်းခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၀၆၊ မြေကွက်အမှတ်– ၁၁၃၈၊ မြေကွက်တည်နေရာအမှတ်– ၁၁၃၈၊ (၁၀၆)ရပ်ကွက်၊ ဒဂုံတောင်၊ ဗိုလ်ဇော်ထူးမင်း (NPW–160306) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဗိုလ်ဇော်ထူးမင်း၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၁၄၅၀၂/၂၀၁၃ (၁၆–၈–၂၀၁၃)ရရှိသူ ဒေါ်ယဉ်ယဉ်မွေး(ခ)မစိန် [၁၂/လသန(နိုင်)၀၀၅၃၃၅]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ မြေရာဇဝင်မှတ်ချက်ရှိ (၂၀၁၆)ခုနှစ် အရောင်းမြေပုံမူရင်း ထုတ်ယူခဲ့သော်လည်း အဆိုပါမြေပုံမြေရာဇဝင်ကို ပြန်လည်အပ်နှံရန် ရှာဖွေရာ ရှာဖွေတွေ့ရှိခြင်းမရှိဘဲ သိမ်းဆည်းလွန်၍ ပျောက်ဆုံးလျက်ရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ် –၅၃၄/၂၃ (၅–၄–၂၀၂၃)၊ အထူးကိုယ်စားလှယ်လွှဲစာ– ၁၄၅၀၂/၂၀၁၃ (၁၆–၈–၂၀၁၃)ဖြင့် ကိုယ်စားလှယ်လွှဲသူ ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၀၄၃/၂၀၂၂ (၂၆–၄–၂၀၂၂) နှစ်(၆၀) ဂရန်မူရင်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး ဒေါ်ယဉ်ယဉ်မွေး မှ သိရှိသဘောတူလက်မှတ် ရေးထိုးပေးပါသဖြင့် SP ဒေါ်ယဉ်ယဉ်မွေး(ခ)မစိန်၏ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ဆ၊ မြေကွက်အမှတ် ၄၈၀၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၄၈၀)၊ ကရဝိတ်(၄)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးကုလားလေး (CF–055308) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက်– ဦးကုလားလေး (ခင်ပွန်း)သည် (၆–၁၂–၂၀၁၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ငွေး ကြွယ်[၁၂/ဥကမ(နိုင်)၀၀၉၇၀၂]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ကျမ်းကျိန်လွှာအမှတ်– ၈၇၈/၂၀၂၃/၉–၁–၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေအမည်ပေါက် ဦးကုလားလေးမှာ ဦးကုလားလေး၊ ဦးသိန်းဟန်နှင့် ဦးကုလားလေး (ခ)ဦးသိန်းဟန်ဟူ၍ အမည်အမျိုးမျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် မိမိ၏ခင်ပွန်းတစ်ဦးတည်းဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၈၇၉/၂၀၂၃/၉–၁–၂၀၂၃၊ ဒေါ်ခင်ငွေးကြွယ်ထံမှ GP အမှတ်–၂၃၉၉၁/၂၀၂၂/၂၆–၁၂–၂၀၂၂ ဖြင့်ရရှိသူ ဒေါ်နွယ်နီအေး [၁၂/ဥကတ(နိုင်)၁၆၄၁၀၁]မှ ဂရန်မူရင်း၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမျိုးသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၆)လမ်းယာ၊ အမှတ်(၂၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ) မြေပေါ်တွင် ကန်ထရိုက်တာနှင့်မြေရှင်တို့ အခန်းပေး အခန်းယူ ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်ခန်း၏ ( ခြေရင်းခြမ်း)၊ စတုတ္ထထပ် (၅)လွှာတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိထားနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသူ ကန်ထရိုက်တာဖြစ်သော ဦးမျိုးမြင့် [၁၂/မဂတ(နိုင်)၀၆၈၃၉၄] နှင့် ဦးမင်းသူ [၁၂/မဂတ(နိုင်)၀၀၃၂၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၃–၅–၂၀၂၃)ရက်နေ့ပါ နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူကာ လက်ရောက်နေထိုင်ပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဟေမာဝင့်အောင် (LL.B) (စဉ်–၁၀၉၇၁)**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်–(၅)၊ ဘုရင့်နောင်(၁၀)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၉၀၀၉၁၇၉**

## ဒဂုံ(အရှေ့)၊(၁၅)ရပ်ကွက်၊ဗေဒါလမ်း၊အမှတ်(၁၇၆)၊မြေကွက်ဝယ်မည်။ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ဗေဒါလမ်း၊ မြေကွက်အမှတ်(၁၇၆)၊ မြေအကျယ်(အလျား၄၀ပေ × အနံ၆၀ပေ) ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်ကို မြေငှားဂရန် အမည်ပေါက် "ဒေါ်နွေးနွေးဝင်း" (၈/နမန(နိုင်)၂၂၄၈၅၀) ကိုယ်တိုင်ထံမှ ကျွန်ုပ်တို့မိတ်ဆွေ "ဒေါ်သိန်းသိန်းစိုး" (၁၂/သဃက(နိုင်)၁၃၉၁၅၁)က တိုက်ရိုက်အပိုင် ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်သည်၊ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံလာရောက်၍ မြေငှားဂရန်(မူရင်း) နှင့်ဆက်စပ်စာချုပ် (မူရင်း)များ ပြသ "ကန့်ကွက်"နိုင်သည်၊ ကန့်ကွက်သူမရှိပါက "မြေကွက်အရောင်းအဝယ်"ကို အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
တရားလွှတ်တော်ရှေ့နေများ

**ဒေါက်တာရာမြင့်အောင်(မောင်ကောင်းဇေ)**
LLB.,DML (စဉ် –၄၉၀၈/၈၉)

**ဦးတင်မောင်မြင့်(ကြယ်နီလေး)**
LLB.,DIL (စဉ် –၇၇၀၅/၁၀)

ရုံး – ၈၃/၁၀၊ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
အိမ် – ၁၇၆၆၊ရောဝက်ဆက်စပ်လမ်း၊(၅၅)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
09 251015089,09 780555924

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ဗေဒါ(၃)လမ်း၊ မြေကွက်အမှတ်(၃၅၉)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်သက်မေ (CD–၀၂၂၀၃၈)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးထွန်းမင်းလတ် [၁၄/ဘကလ(နိုင်)၃၇၃၉၄၃]**သည် **နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်–၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄ ၊ ၀၉–၇၉၅၆၀၁၈၆၃ ၊ ၀၉–၇၉၆၃၀၈၀၁၂၁**

## အိမ်ခြံမြေရောင်းမည်

အင်းစိန်မြို့နယ်ရှိ (100' x 300')
ဆေးရုံ၊ ဆေးခန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း
ဖွင့်ရန်သင့်လျော်သည်။
**ဆက်သွယ်ရန်– 09–799743803**

## အမှားပြင်ဆင်ဖတ်ရှုရန်

သာကေတမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၄/၂၀၂၃ (တရားလို ၁။ ဒေါ်အုန်းစိန် ၂။ ဒေါ်ဇင်မာထွေးနှင့် တရားပြိုင် ဦးတင်ငွေ) အမှုအတွက် ငြင်းချက်ထုတ်ရန်သမ္မန်စာကို ၂၉–၄–၂၀၂၃ (စနေနေ့)ထုတ် ကြေးမုံသတင်းစာ၌ ထည့်သွင်းကြော်ငြာရာတွင် အမည်၊ ကိုယ်ပိုင်တံဆိပ်တုံးသုံးစွဲရာ၌ သာကေတမြို့နယ်တရားရုံးဟု ထည့်သွင်းဖော်ပြထားခြင်းမရှိသဖြင့်

**(ခင်သန္တာ)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး ဟု ပြင်ဆင်ဖတ်ရှုပါရန်**

## တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊ အမှတ်(၄၄၅)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၂)လွှာ၊ (ခေါင်းရင်းခန်း)၊(၁၉ပေx၅၄ပေ)ခန့်ရှိသော ရေ၊ မီး အစုံ ပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ **မြေရှင် ဦးဇော်ဝင်း [၁၂/တမန(နိုင်)၀၆၅၆၅၁]ထံမှ ဒေါ်မြတ်သီတာ [၁၂/ဥကတ(နိုင်)၀၀၁၂၄၉]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–767779901, 09–777797911, 09–789877799**

## (၁၀–၅–၂၀၂၃)ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅) တရားလွှတ်တော်ရှေ့နေ ဦးသန်းညွှန့်၏ ကြေညာချက်ပါ အမှတ် – ၁၉၊ တိုက်ခန်းအမှတ်– ၆၀၁၊ မဟာဗောဂလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အများသိစေရန် ဖြေရှင်းကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဗုဒ္ဓဘာသာကိုးကွယ်သော ဒေါ်သိမ့်သိမ့်ထွန်း [၃/မဝတ(နိုင်)၀၁၄၁၅၆]သည် စင်ကာပူနိုင်ငံသား၊ မြန်မာလူမျိုးဖြစ်သူ Mr. Lucas Oo (PP No– K2503405A)နှင့် စင်ကာပူနိုင်ငံတွင် တရားဝင် လက်ထပ်ထိမ်းမြားပေါင်းသင်းခဲ့ရာ၌ သမီးဖြစ်သူ မမေဦးမြင့်မိုရ်နှင့် သားဖြစ်သူ မောင်ဟိန်းသိခ်ဦးတို့အား မွေးဖွားကြသည့်အပြင် ဇနီးမောင်နှံ နှစ်ဦးစလုံးသည် စင်ကာပူနိုင်ငံတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမှု တော်တင်းခိုင်မာသည့် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ခဲ့သူများဖြစ်သည့်အတွက် ရရှိသောဝင်ငွေများဖြင့် –

(၁) အမှတ်–၁၉၊ တိုက်ခန်းအမှတ်–၆၀၁၊ မဟာဗောဂလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မီနီကွန်ဒိုတိုက်ခန်း၊
(၂) အမှတ်– ၆၇၃(ဝဲ)၊ မြို့မလမ်း၊ (၄) တောင်ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော (၂၀ပေ x ၆၀ပေ) အိမ်နှင့် မြေ၊
(၃) Toyota Axio 5P/1421 (Silver) မော်တော်ယာဉ်၊
(၄) Toyota Prado (Green) မော်တော်ယာဉ်၊

တို့အား လက်ထက်ပွားပစ္စည်းအဖြစ်ပိုင်ဆိုင်ခဲ့ကြပါသည်။

သို့ရာတွင် Mr. Lucas Oo သည် စင်ကာပူနိုင်ငံသားဖြစ်ပြီး ဒေါ်သိမ့်သိမ့်ထွန်းနှင့် သားသမီး (၂)ဦးသည်လည်း စင်ကာပူနိုင်ငံတွင် အခြေချနေထိုင်ရန် ရည်ရွယ်ချက်ကြောင့် အထက်ပါ လင်မယားနှစ်ဦးပိုင် ပစ္စည်းများအနက် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း (၂)မျိုး ပိုင်ဆိုင်မှုအား Mr. Lucas Oo ၏ မိခင် ဒေါ်စန္ဒာမြင့် [၁၂/ပဇတ(နိုင်)၀၁၅၈၉၆]၏ အမည်ငှားအမည်ခံဖြင့် ဝယ်ယူပြီးနောက် ၎င်းပစ္စည်းများကို လင်မယားနှစ်ဦး၏လက်ဝယ်၌ထားရှိကာ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အားလုံးကိုလည်း လင်မယား (၂)ဦး အတူနေထိုင်ရာ မဟာဗောဂလမ်းတိုက်ခန်း၌ သိမ်းဆည်းထားရှိခဲ့ပါသည်။

၎င်းနောက်ပိုင်းတွင် လင်မယား (၂)ဦး အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် Mr. Lucas Oo သည် အဆိုပါပစ္စည်းများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် မော်တော်ယာဉ် (၂)စီးအား ယူဆောင်ကာ သမီးကြီးဖြစ်သူအား ခေါ်ယူလျက် အဆိုပါတိုက်ခန်းမှ ထွက်ခွာသွားခဲ့ပြီး၊ ဒေါ်သိမ့်သိမ့်ထွန်းနှင့် သားဖြစ်သူသာ ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် အဆိုပါ မဟာဗောဂလမ်းတိုက်ခန်းတွင် ဒေါ်သိမ့်သိမ့်ထွန်းနှင့် သားဖြစ်သူတို့ နေထိုင်ခြင်းသည် ဒေါ်သိမ့်သိမ့်ထွန်း၏ ပိုင်ဆိုင်မှုအခွင့်အရေးအရ နေထိုင်ခြင်းသာလျှင်ဖြစ်ပြီး (၁၀–၅–၂၀၂၃)ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်မှာ Mr. Lucas Oo မှ မိခင်ဖြစ်သူနှင့် ပူးပေါင်း၍ မြန်မာဗုဒ္ဓဘာသာ အမျိုးသမီး ဇနီးမယားတစ်ဦး၏အခွင့်အရေး ဆုံးရှုံးနစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ကြေညာခြင်းသာလျှင်ဖြစ်ပါသည်။

ထို့အတူ အိမ်ထောင်ရေးပြစ်မှု ဖောက်ဖျက်ကျူးလွန်ခြင်း တစ်စုံတစ်ရာ မရှိသူ ဒေါ်သိမ့်သိမ့်ထွန်းအနေဖြင့် ရရှိထိုက်သောဇနီးမယားတစ်ဦး၏ အခွင့်အရေးနှင့် သားဖြစ်သူ ရထိုက်သော အခွင့်အရေးတို့ကိုလည်း မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တောင်းဆိုဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ဒေါ်သိမ့်သိမ့်ထွန်း၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အထက်ဖော်ပြပါ ပစ္စည်းများနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခြင်းမပြုပါရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဒေါ်သိမ့်သိမ့်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်–၆၇၀၂**
**အမှတ် – ၂၁၄၊ အခန်း – ၂၀၂၊ ၂ – လွှာ (ယာ)၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အောက်ဖော်ပြပါ အရေအတွက်အတိုင်း လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေးရာထူး ၁၂၅ နေရာ**( လစာနှုန်း၊ ကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ ) အတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နီးစပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်–

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | – ၉ | နေရာ |
| (ခ) | ကချင်ပြည်နယ် | – ၄ | နေရာ |
| (ဂ) | ကယားပြည်နယ် | – ၆ | နေရာ |
| (ဃ) | ကရင်ပြည်နယ် | – ၁၆ | နေရာ |
| (င) | ချင်းပြည်နယ် | – ၂ | နေရာ |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီး | – ၁၄ | နေရာ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | – ၅ | နေရာ |
| (ဇ) | ပဲခူးတိုင်းဒေသကြီး | – ၂ | နေရာ |
| (ဈ) | မကွေးတိုင်းဒေသကြီး | – ၈ | နေရာ |
| (ည) | မန္တလေးတိုင်းဒေသကြီး | – ၈ | နေရာ |
| (ဋ) | မွန်ပြည်နယ် | – ၇ | နေရာ |
| (ဌ) | ရခိုင်ပြည်နယ် | – ၁ | နေရာ |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီး | – ၂၄ | နေရာ |
| (ဎ) | ရှမ်းပြည်နယ် | – ၁၃ | နေရာ |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီး | – ၃ | နေရာ |
| (တ) | ပြည်ထောင်စုနယ်မြေ | – ၃ | နေရာ |

၂။ လျှောက်ထားသူများသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၃၀–၄–၂၀၂၃ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မည်သည့်မြို့နယ်တွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပါဝင်ရမည်–
(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည်ဓာတ်ပုံ(၃)ပုံ
( နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၂၂–၅–၂၀၂၃ ရက် (တနင်္လာနေ့)မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၉–၆–၂၀၂၃ ရက် (သောကြာနေ့)နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန် ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၅။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၆။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်နှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပြီး အဆိုပါရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ ရုံးအမှတ်(၂၂)၊ နေပြည်တော်]ဖုန်း–၀၆၇–၃၄၀၄၂၂၃၊ ၀၆၇–၃၄၀၄၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

# ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန Dip in ELTM သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in English Language Teaching Methodology (Dip in ELTM) (အင်္ဂလိပ်စာ သင်ကြားရေးနည်းပညာဒီပလိုမာ) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်–

| | |
|---|---|
| သင်တန်းအမည် | – Diploma in English Language Teaching Methodology (Dip in ELTM) အင်္ဂလိပ်စာသင်ကြားရေး နည်းပညာဒီပလိုမာ |
| ပညာအရည်အချင်း | – အသိအမှတ် ပြုထားသည့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ |
| သင်ကြားမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | – တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် နံနက်(၇:၀၀)နာရီမှ (၉:၀၀)နာရီထိ |
| သင်တန်းကာလ | – (၁၀)လ |
| သင်တန်းကြေး | – တစ်လ (၂၀၀၀၀၀/–)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | – Diploma in English Language Teaching Methodology (Dip in ELTM) |
| လျှောက်လွှာလက်ခံမည့်ရက် | – (၂၂–၅–၂၀၂၃) မှ (၃၁–၅–၂၀၂၃) အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | – ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | – (၅–၆–၂၀၂၃)ရက် (တနင်္လာနေ့) နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | – (၁၃–၆–၂၀၂၃)ရက် (အင်္ဂါနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | – (၂၂–၆–၂၀၂၃)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |
| စုံစမ်းရန် | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် |

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## အများသိစေရန်

ကျွန်တော် ဦးလှဌေး [၁၂/လကန(နိုင်)၀၆၄၉၄၀]သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅–ရပ်ကွက်၊ အမှတ်(၆၀၁) အမည်ပေါက် ဒေါ်သက်ရီထံမှ မြေကွက်အား (၇–၃–၂၀၁၂)ရက်တွင် အပြီးအပိုင် ဝယ်ယူခဲ့ပါသည်။

ယခုအခါထိုမြေချပါမစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတွင် ဂရန်လျှောက်ထားတော့မှာဖြစ်သဖြင့် ကန့်ကွက်လိုသူများ စာရွက်စာတမ်းခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလှဌေး**
**[၁၂/လကန(နိုင်) ၀၆၄၉၄၀]**
**Phone–09–790143657**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ – ၂၀) ဒဂုံမြို့သစ်ခရိုင်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၈၁

| | | |
|---|---|---|
| ၁။ ဦးအေးမင်း | နှင့် | ၁။ ဦးဇော်ဝင်း |
| ၂။ ဦးအောင်ထိပ် | | ၂။ ဦးဟန်ကြည် |
| တရားလိုများ | | တရားပြိုင်များ |

အမှတ်(၅)၊ အခန်း (၂၀၅/အေ)၊ ၅၄ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇော်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျငွေများထဲမှ ပေးရန်ကျန်ငွေ (၃၁၉၃၅၃၀၆/–)ကျပ် (ကျပ်သုံးရာတစ်ဆယ့်ကိုးသိန်း သုံးသောင်းငါးထောင့်သုံးရာ ခြောက်ကျပ်တိတိ)ရလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန်လ(၁)ရက် (၁၃၈၅ခု နယုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉(D)၊ မြေကွက်အမှတ်–၂၃(D)၊ ဧရိယာ(၀.၂၂၂ဧကေ)ရှိ မြေပိုင်မြေကွက်ကြီး၏ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီးအနက်မှ အရှေ့ဘက်ခြမ်း၊ အကျယ်အဝန်း(၃၅ပေ x ၉၈ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အုတ်ကျင်းလမ်း၊ အမှတ်–၂၃(D)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ **ဒေါ်ခင်မြတ်နွယ်[၁၂/မရက(နိုင်)၀၉၀၆၄၃]**ထံမှ တစ်ဆင့်ဝယ်ယူထားသူ **ဒေါ်လိန်းခေါ်လမ်း(ခ)မြင့်မြင့်စိုး[၁၂/ဒဂန(နိုင်)၀၂၂၆၈၈]**က ၎င်းတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီး အပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးဇေယျမင်း[၁၂/လမန(နိုင်)၁၃၅၀၉၉]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မင်းသူနှီးဖြိုး(စဉ်–၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **[LL.B, D.I.P.L, DL–101 WIPO(Switzerland)]** | **[LL.B,D.B.L, D.I.L, D.I.P.L, DL–101 WIPO(Switzerland)]** |

**ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်–၁၀၀၇(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ်(၉၀)၊ မြေကွက်တည်နေရာအမှတ် (၅၆)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးငြိမ်းမောင် (ISN–၁၄၈၃၅၃) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ဖခင်)ဦးငြိမ်းမောင်နှင့်(မိခင်)ဒေါ်သန်းစိန်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်စန်းစန်းအေး [၁၂/လကန(နိုင်)၀၃၄၁၉၇]၊ ဦးကိုကိုနိုင် [၁၂/သဃက(နိုင်)၁၀၅၉၇၃]၊ ဒေါ်စန်းစန်းတိုး [၁၂/သဃက(နိုင်)၀၈၈၄၀၈]၊ ဒေါ်စန်းစန်းထွေး [၁၂/သဃက(နိုင်)၁၁၆၁၇၉]၊ ဦးလှိုင် [၁၂/သဃက(နိုင်)၀၀၂၄၄၁]တို့မှ ၎င်းတို့ သားသမီး(၅)ဦးသာမွေးဖွားခဲ့ပြီး၊ ၎င်းတို့မှတစ်ပါး အခြားမွေးချင်းညီအစ်ကို မောင်နှမများ၊ အခြားအမွေစားအမွေခံသားသမီးများ၊ ကိတ္တိမသားသမီးများ တစ်စုံတစ်ယောက်မျှ ကျန်ရှိခြင်း မရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ဖခင်) ဦးငြိမ်းမောင်၏ သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်သန်းစိန်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆိုင်နာမည် အမှတ်တံဆိပ် အသိပေး ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၇၅)၊ ဖလမ်းနေ ဦးဇင်မင်းလတ် [၁၄/ဘကလ(နိုင်)၁၆၉၅၈၆] သည် အသဲကွဲပြတိုက်နာမည်ဖြင့် စားသောက်ဆိုင် နာမည်အား မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။



သို့ဖြစ်ပါ၍ အဆိုပါ နာမည်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်း တုပသုံးစွဲခြင်း၊ ဆင်တူယိုးမှားဖြစ်စေ၊ နာမည်တူသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ရန် သတိပေး တားမြစ်အပ်ပါသည်။ အကယ်၍ တုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**ဦးဇင်မင်းလတ်**
**[၁၄/ဘကလ(နိုင်)၁၆၉၅၈၆]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀–တောင်)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ခိုင်ရွှေဝါ(၂)လမ်း၊ မြေကွက်အမှတ် (၁၁၉၉/က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)၊ ဧရိယာ (၀.၀၂၇) ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနခွဲရှိ မြေစာရင်းတွင် ဘာလာကစ္စနာ(ခ)သန့်ဇင် [၉/မကန(နိုင်)၀၈၇၀၃၆] အမည်ပေါက်တည်ရှိပြီး ၎င်းအမည်ပေါက်ထံမှ ဦးမောင်မောင်ကျော်သူ [၁၂/ရကန(နိုင်)၀၆၃၅၄၂] နှင့် ဒေါ်စန္ဒာမိုးချိုလှိုင် [၁၂/ဒဂတ(နိုင်)၀၈၁၄၀၇] တို့က ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာဟန်LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၈၀)**
**ဖုန်း – ၀၉–၄၂၁၃၃၇၅၆၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၀)၊ (အလျား ၄၀ပေx အနံ၆၀ပေ)အကျယ်ရှိ ပါမစ်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ညာ)ခြမ်း၊ (အလျား၂၀ပေxအနံ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁)ရပ်ကွက်၊ သခင်ခင်ဇော်လမ်း၊ အမှတ်(၄၀)ဟု ခေါ်တွင်သော ပါမစ်မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဘဲထွန်း (MHG–၁၁၉၉၄၇)အမည်ပေါက်ပြီး၊ ရောင်းသူ ဒေါ်ခင်စန်းဝင်း [၁၂/ကမရ(နိုင်)၀၂၀၈၈၇]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေ ဦးပြည်မိုးအောင် [၁၂/အစန(နိုင်)၁၁၄၂၇၇]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေအိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L, D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ မာတလိလမ်း၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၁၅)၊ (၄–လွှာ)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်ကြသည့် ဒေါ်ခင်သီတာ [၁၂/လမန(နိုင်)၁၁၃၄၃၄]၊ ဦးသန့်ဇော်လတ် [၁၂/လမန(နိုင်)၁၀၉၇၆၆]၊ ဦးအောင်ဇော်မင်း [၁၂/လမန(နိုင်)၁၀၉၇၆၇]နှင့် ဒေါ်ခင်ခင်သီ[၁၂/လမန(နိုင်)၁၂၂၁၀၄]တို့ထံမှ အဆိုပါ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၅–ရက်)အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဦးသိမ်းထူးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၈၃/၂၈–၂–၂၀၁၇)**
**အမှတ်၅/၁၄၉၊ ကျောင်းနောက်(၁)လမ်း၊ ဘုံရှည်ကုန်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့**
**Ph:09–421095120**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဗထူးအိမ်ရာ၊ (၄၈)ရပ်ကွက်၊ တိုက်အမှတ်(A–2)၊ အခန်းအမှတ်–(701)တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း "အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါတိုက်ခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အဆောက်အအုံနေထိုင်ခွင့်စာအုပ်တွင် မူလအမည်ပေါက်သူဒေါ်မြင့်မြင့်လှိုင်ထံမှ ဒေါက်တာဇော်မျိုးဝင်း [၁၂/မဂတ(နိုင်)၀၈၁၉၇၀]က အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းရွှေ [၄/ပလဝ(နိုင်)၀၀၁၁၉၈]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။သို့ပါ၍ တိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၅)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်အိခိုင်(LL.B,D.B.L,D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်–၄၃၆၀၁/၃၁–၁–၂၀၁၄)**
**အမှတ်–(၆၃)၊ ပထမထပ်၊ သမာဓိ(၄)လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၁၄၅၀၅၃၊ ၀၉–၇၉၆၁၈၉၂၅၀**

## "အများသိရှိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်/ခ)၊မြေကွက်အမှတ်(၅၄/ခ)၊ အိမ်အမှတ်(၅၈)၊ မြေကွက်ပေါ်၌ဆောက်လုပ်နေသည့် အကျယ်အဝန်း(၁၈x၅၄)ပေရှိ တတိယထပ်(၄–လွှာ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို (၂၅–၈–၂၀၂၀)ရက်စွဲပါ "မြေရှင်နှင့်ကန်ထရိုက်တာအကြား အခန်းပေး အခန်းယူနှစ်ဦးသဘောတူကတိစာချုပ်"အရ ကန်ထရိုက်တာ ဦးထွန်းဝင်း [၁၂/လမန(နိုင်)၁၆၉၂၄၃]က ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုပြီး ကြိုပွိုင့်စနစ်ဖြင့် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်မိမိခင်** | **ဦးဒါယူစီ** |
| **[၁၄/ဒဒရ(နိုင်)၀၃၄၀၆၆]** | **အထက်တန်းရှေ့နေ(စဉ်– ၅၃၀၉၇)** |

**အမှတ်(၂၅၁)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း 09–260005183**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၁၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (RC ၃$\frac{၁}{၂}$)ထပ်တိုက်၏ ဒုတိယထပ်၊ (၃–လွှာ)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၅x ၅၆)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန်လက်ရှိ တရားဝင်ပိုင်ရှင် ဦးအောင်ဝင်းနိုင် [၁၂/မဂဒ(နိုင်)၁၀၂၈၉၁]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်း(မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B (စဉ်–၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)** |
| **ဖုန်း– ၀၉–၇၉၈၈၂၇၅၉၀** | **၀၉–၄၂၁၀၃၅၉၆၃** | **၀၉–၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၂၇)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅–လွှာ)၊ အကျယ်အဝန်း (၂၀x၆၄)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင် ဒေါ်စုနန္ဒာ [၇/ပခန(နိုင်) ၂၂၉၁၁၂]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L (စဉ်–၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)** |
| **ဖုန်း– ၀၉–၇၉၈၈၂၇၅၉၀** | **၀၉ – ၇၉၀၁၂၄၈၀** | **၀၉ – ၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ခင်သန်း(မြောက်ဦး)
## အသက်(၇၈)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးမောင်မြဦး - ဒေါ်မစိန်သာ)တို့၏ သမီး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးကျန်မြင့်)၏ဇနီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်အရာရှိကြီး အိမ်ရာနေ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ် ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်း-ဒေါ်နီနီသန်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မသက်နှင်းဇော်၊ မောင်ကောင်း ဇေယျာထွန်းတို့၏ချစ်လှစွာသောအဘွား ဒေါ်ခင်သန်းသည် ၁၉-၅-၂၀၂၃(သောကြာနေ့) မွန်းလွဲ ၁၂:၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်သင်္ဂဟ အပေါင်းတို့အား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖိတ်အိန်
## အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်လမ်းသွယ် (၂)၊ အမှတ်(၄၈)နေ (ဦးထိုက်ဟို)၏ ဇနီး၊ ဤအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် စာရင်းစစ် ဒေါက်တာခင်မောင်ကြိုင်တို့၏ မိခင် ဒေါ်ဖိတ်အိန် သည် ၁၈-၅-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူကြေကွဲ ဝမ်းနည်း ရပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံကမ်းရိုးတန်းသွား**
**ကုန်တင်ရေယာဉ်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းရီ(မြောင်းမြ)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်-၅(က)၊ သော်တာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကြည်သန်း၊ ကထိက(ဌာနမှူး)စက်မှုလက်မှုဌာန၊ ရန်ကုန်ဆရာ အတတ်သင်သိပ္ပံ)၏ ချစ်လှစွာသောဇနီး ဒေါက်တာ သန်းသန်းဝင်း၊ ဒုတိယပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းရီသည် ၁၈-၅-၂၀၂၃ရက်နေ့ ညနေ ၃:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မုံရွာတက္ကသိုလ်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးပြည်ညွန့်(ခ)ပက်ထရစ်ညွန့်လှိုင်
## အသက်(၇၈)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)၊ အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေး၏ ခင်ပွန်းဖြစ်သူ ဒေါက်တာဦးပြည်ညွန့်(ခ)ပက်ထရစ်ညွန့်လှိုင် အသက်(၇၈)နှစ်သည် ၁၈-၅-၂၀၂၃ ရက်နေ့ နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**

**အမျိုးသမီးဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**

## ဒေါ်ခင်မူယဉ်(ဘိုကလေး)
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၁၉)နေ (ဦးခင်ဦး-ဒေါ်ယဉ်မြ)တို့၏သမီး၊ ဦးဝင်းမြင့်(ချမ်းမြေ့ပါစေ) ဘိုကလေးမြို့နယ်အသင်း ဒုဥက္ကဋ္ဌ၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းထွန်းဦး)-ဒေါ်မိုးမိုးလှိုင်၊ ဦးဇော်သူရ-(ဒေါ်တိုးတိုးလှိုင်)၊ ဦးသက်မောင်မောင်-ဒေါ်ဝင့်နွယ်ငြိမ်း၊ ဦးဇင်လင်းအောင်-ဒေါ်ယဉ်ယဉ်မွန်၊ ဦးဝင်းဇော်ခိုင် - ဒေါ်သဇင်အောင်၊ ဦးမြတ်သူဝင်း-ဒေါ်နွယ်နီဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၉-၅-၂၀၂၃ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁ - ၅ - ၂၀၂၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး၊ မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉: ၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းလှိုင်
### (ဘိုကလေး၊ စက်ဆန်း)
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၃၈)၊ ကမ်းနားလမ်း၊ (၆၂)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဖိုးတင်-ဒေါ်လေးကြူ)တို့၏သား၊ (ဒေါ်ကျင်ရီ)၏ ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်သန်းသန်းဝင်း၊ မငွေငွေဝင်း၊ ဦးမြင့်ဇော်-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးခင်ဇော်-ဒေါ်ယုယုသော်၊ ဒေါ်ရီရီဝင်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၂၃ (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၁-၅-၂၀၂၃ (တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထား ဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ထွေး@ Li Li Min
## အသက်(၉၀)

ရန်ကုန်မြို့နေ၊ (ဦးသောင်း-ဒေါ်တင်မေ)တို့၏သမီး၊ (သခင်လှထွန်း-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးလွင်ဆွေ၏ဇနီး၊ ဦးသက်ထွန်းဦး-ဒေါ်သီတာဝင်း၊ ဗိုလ်ချုပ်ကိုကိုလွင်-ဒေါ်မိုးမိုးလွင်၊ ဒေါ်အေးအေးလွင်(အေးမာ)၊ ဦးဝင်းထွဋ်လွင်-ဒေါ်အိအိကျော်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ (ဒေါက်တာဦးမျိုးတင့်-ဒေါ်တင်တင်ကြီး)၊ (ဦးစိုးလှိုင်-ဒေါ်တင်တင်လေး)တို့၏ ညီမအငယ်ဆုံး၊ (ဦးစိုင်းပု)-ဒေါ်နန်းခင်မွှေး၊ ဦးစိုင်းရွှတ်-(ဒေါ်နန်းခင်ထွေး)တို့၏အစ်မ၊ (ဦးလှသိန်း)-ဒေါ်ဆွေဆွေမြင့် တို့၏ယောက်မ၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်၊ တူ၊ တူမ ၁၁ ယောက်တို့၏ အဒေါ်ဖြစ်သူ ဒေါ်တင်တင်ထွေး@Li Li Min သည် ၁၈-၅-၂၀၂၃ (ကြာသပတေးနေ့) ည ၁၁ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၂-၅-၂၀၂၃ (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် မီးသဂြိုဟ်၍ ကျန်ရစ်သော အရိုးပြာအား ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးပြည်ညွန့် (ခ) ပက်ထရစ်ညွန့်လှိုင်
### အင်္ဂလိပ်မက်သဒစ်ကျောင်းသားဟောင်း
### ဆေးမှူးချုပ်(ငြိမ်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(93/3)၊ သံလွင်လမ်းနေ (ဦးညွန့်လှိုင်-ဒေါ်မေကြွေ)တို့၏ သား၊ ဒေါက်တာဒေါ်ခင်မာအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမြတ်ကလျာညွန့်၊ ဦးသန်းထိုက်ပြည်ညွန့်-ဒေါ်အေးနန္ဒာ၊ ဒေါက်တာစုလှိုင်အေးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မရတနာဒေဝီ၊ မခင်ကညာယမင်းတို့၏ အဘိုးသည် ၁၈-၅-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၆၄/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၆၄/ခ)၊ အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဦးဘန်ဟုတ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဦးဘန်ဟုတ်ထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူ လက်ရှိထားပိုင်ဆိုင်သူ ဦးသိန်းစောအောင် [၁၂/သဃက(နိုင်)၀၆၉၄၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၃၅၈)**
**အမှတ် – ၅၀၊ပထမထပ်၊ အခန်းအမှတ်( A– 1)၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၅၀၆၄၆၆၇**

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဗြဟ္မသိရီ
### ရွှေဘုန်းပွင့်တိုက်ပညာလင်္ကာရကျောင်း
## သိက္ခာတော်(၇၀)ဝါ၊ သက်တော်(၈၉)နှစ်

ရန်ကုန်မြို့၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်းအတွင်း ပညာလင်္ကာရကျောင်း ဦးစီးပဓာနနာယက သာသနဓဇဓမ္မာစရိယ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(ငြိမ်း)ဘဒ္ဒန္တဗြဟ္မသိရီ သိက္ခာတော်(၇၀)ဝါရ၊ သက်တော်(၈၉)နှစ် မထေရ်မြတ်သည် ၁၈-၅-၂၀၂၃ရက်(၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်)၊ (ကြာသပတေးနေ့)၊ မွန်းလွဲ ၂:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ၂၂-၅-၂၀၂၃ရက်(၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်)(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် သာသနဇောတိက ဓမ္မာရုံတော်တွင် ဈာပနအခမ်းအနားပြုလုပ်၍ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်ပါမည့်အကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေး အပ်ပါသည်။(ကျောင်းတိုက်မှ ကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ဈာပနကော်မတီအဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
## သီရိသုဓမ္မသိင်္ဂီဒေါ်စန်းဝင်း
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (ဆ/၂၀)၊ သမာဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်အေးညွန့်)တို့၏သမီး၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ (KN ဦးတင်ဝင်း) (Myanmar Pyi Thar Co., Ltd)၏ချစ်လှစွာသောဇနီး၊ ဦးဝင်းဇော်အောင်-ဒေါ်ခင်သန္တာဝင်း (မြန်မာပြည်သားရေခဲစက်) (ဦးအောင်ကိုကိုဝင်း-ဒေါ်မေခိုင်အေး)၊ (ဦးရဲထွဋ်ဝင်း)၊ ဒေါ်နီနီရွှေဝင်း(USA)၊ ဦးညီနိုင်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟိန်းနန္ဒဝင်း၊ မအိချယ်ရီဝင်း၊ မဆုမြတ်ကလျာဝင်း၊ မအိမ့်မြတ်မာလာဝင်းတို့၏အဘွား ဒေါ်စန်းဝင်းသည် ၁၇-၅-၂၀၂၃ ရက် ညနေ ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၂၁-၅-၂၀၂၃ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၇၀)ဟုခေါ်တွင်သော (၇)ထပ်တိုက်၏ (၃)လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၇ပေx၃၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လုံးကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အောင်မြကြည် [၁၁/စတန(နိုင်)၀၂၃၀၈၃]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းငွေး[၁၂/စခန(နိုင်) ၀၃၂၄၆၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၄၉၉)** |

**အမှတ်(၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၇၇၇၅၂၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၁၁/၁၃)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀'x ၆၀')ရှိ မြေပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၈ ½ ထပ်တိုက်) +Lift ပါ အဆောက်အဦ၏ Penth House (၉ လွှာ)၊ အကျယ်အဝန်း(၃၄'x၅၈') ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင်တွယ်ကပ် တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးရွှေသိန်း [၁၁/စတန(နိုင်)၀၃၉၆၇၂]နှင့် ဒေါ်ခင်စောဝင်း [၁၁/မတန(နိုင်)၀၁၂၁၁၅]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့် ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်စုစုနန္ဒာထွန်း** | **ဒေါ်ခိုင်ဇာလွင်** |
|---|---|
| **အထက်တန်းရှေ့နေ(စဉ်-၅၃၇၃၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)** |

**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်.အဆင့်-၃၊ အကွက်(၈)၊ မြေကွက်အမှတ်(၄)၊ လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ်(၄)၊ နဝဒေးလမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော ဒေါ်သောင်းတင်အမည်ပေါက် မြေချပါမစ်၊ ဧရိယာ(အလျားxအနံ) (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးအုန်းမြင့်၊ [၁၂/လသန(နိုင်)၀၀၃၉၈၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်းမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ယနေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးဇေယျာမင်း (ဥပဒေဘွဲ့)** | **ဦးဝင်းထွဋ်ဝင်း (ဥပဒေဘွဲ့)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၀၈/၂၀၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၅၅/၂၀၁၇)** |

**အမှတ်(၂၁၈၅/ခ)၊ ဗန္ဓုလလမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၄၉၅၉**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဒေသနှင့် တိုင်းပြည်၏ ရေရှည်အကျိုးကိုကြည့်၍ မိမိ၏တာဝန်များကို ကျေပွန်အောင် တိတိကျကျဖြင့် အမုန်းခံပြောဆိုဆောင်ရွက်သွားကြရန်လို...**

❖ **ဥပဒေမဲ့ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင်ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကြီးမားစွာ သက်ရောက်ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့် အုပ်ချုပ်သူတာဝန်ရှိသူများ အနေဖြင့် သတိပြုဆောင်ရွက်ကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြုလုပ်သော ရခိုင်ပြည်နယ်၊ သံတွဲမြို့အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျောက်တော်မြို့နှင့် ရသေ့တောင်မြို့များသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအားပေးစကားပြောကြား၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျောက်တော်မြို့နှင့် ရသေ့တောင်မြို့များသို့ သွားရောက်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား သီးခြားစီ တွေ့ဆုံအားပေးစကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်တော်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

စစ်တွေမြို့လမ်းမကြီးများနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်စုပေါင်းဆောင်ရွက် စာမျက်နှာ » ၈

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန်ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ စာမျက်နှာ » ၁၄